ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၈ရက်၊ တနင်္လာနေ့၊ (26-4-2004)(၄၂၁၅)

တပေါ်စ
တော် မင်္ဂလ မုတ္တမံ။

ဖြိုးဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ယနေ့ထုတ်စောင်ရေ
၁၉၇၆၅၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် စိန်ဖူးတော်ကို စေတီတော်အား လက်ယာရစ် လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးဌာပနာတော်သွင်း ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ပူဇော်ကြည်ညို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေထီးတော်တင်လှူ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ကျင်းပရာ **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက်ရောက်၍ စေတီတော်အထွတ်၌ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။**

ပူဇော်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❈

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆-၄-၂၀၀၄ (တနင်္လာနေ့)

စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဖော်ဆောင်ပေးနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **စိုက်ပျိုးရေး လုပ်ငန်းတွင် ရေရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်ချောင်းများကို အခြေအနေပေးသည့် ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ကြောင်း** လမ်းညွှန်မှာကြားထား သည်။

အထက်ပါ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရက နိုင်ငံတော် တစ်ဝန်း ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးခဲ့ရာ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံလုပ်ငန်းပေါင်း ၁၅၉ ခုကို ငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် အကုန်အကျခံကာ ဆောင်ရွက် ပေးခဲ့သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တွင် ဧပြီလ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည့် ငွေသာရေလှောင်တမံသည် ၁၅၉ ခုမြောက် ရေလှောင်တမံဖြစ်ပြီး လယ်မြေဧက ၃၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် အနီးပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေဖူလုံ စေကာ ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုသွားမည် ဖြစ်သည်။

အဆိုပါ ငွေသာရေလှောင်တမံဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ရေလှောင်တမံ ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး ခဲ့သည်။

စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် ရေခံ၊ မြေခံကောင်းများရှိသည့် စစ်ကိုင်းတိုင်းတွင် နိုင်ငံတော်က အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၁၉၈၈ခုနှစ်နောက်ပိုင်း ယခုဖွင့်လှစ် သည့် ငွေသာရေလှောင်တမံ အပါအဝင် ဆည်တမံ ၁၆ ခုရှိပြီဖြစ်ပြီး စိုက်ပျိုးမြေဧရိယာဧက ၃၆၀၀၀၀ ကျော် အကျိုးပြုလျက်ရှိနေပြီ ဖြစ်သည်။

အဆိုပါ ဆည်တမံလုပ်ငန်းများအပြင် စိုက်ပျိုးရေးကိုအကျိုးပြုမည့် လျှပ်စစ်နှင့် ဒီဇယ်မြစ်ရေတင်စီမံကိန်း ၄၈ခု ကိုလည်း အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်က ရေရရှိရေးလုပ်ငန်းများကို စီမံဆောင်ရွက် ပေးနိုင်မှုကြောင့် စစ်ကိုင်းတိုင်းတွင် ဆန်စပါးနှင့် သီးနှံမျိုးစုံ တိုးတက် စိုက်ပျိုးလာနိုင်ခဲ့ပြီး ယခုအခါ ဒေသဆန်နှင့် ဆီဖူလုံသည့်အပြင် ပိုလျှံသော တိုင်းတစ်ခုဖြစ်နေပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အားကိုးရ သော တိုင်းတစ်တိုင်းဖြစ်သည့်အပြင် အထက်မြန်မာနိုင်ငံ၏ စပါးကျီ လည်းဖြစ်ရာ စပါးသီးနှံသာမက ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်း သီးနှံများပါ တိုးတက်ထွက်ရှိအောင် ကြိုးပမ်းစိုက်ပျိုးသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က ဖော်ဆောင်ပေးသည့် စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး ဒေသစားနပ် ရိက္ခာဖူလုံပိုလျှံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ဆောင်ရွက်ကြ ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်က အကောင် အထည်ဖော် တည်ဆောက်ပေးသည့် စိုက်ပျိုးရေးအကျိုးပြု ဆည်တမံ များ ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါ သည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor,ndc ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော် (ကြည်း၊ ရေ၊လေ) ချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး အား မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ရေ၊လေ)ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့ညနေ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူး ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ထင်အောင်ကျော်၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင် နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများတက်ရောက် ကြပြီး ဧည့်သည်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ စစ်သံမှူး Brigadier General Helal Uddin Ahmed, psc တို့လည်း တက်ရောက် ကြသည်။

ညပိုင်းတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဘင်္ဂလား ဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc နှင့်အဖွဲ့ အား ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေး ချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင် ကျော်၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီး များ တက်ရောက်ကြပြီး ဧည့်သည်တော် အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ စစ်သံမှူး Brigadier General Helal Uddin Ahmed, psc နှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဧည့်သည် တော် Major General AIM Mustafa Reza Noor, ndc တို့သည် အမှတ်တရလက်ဆောင်များ အပြန် အလှန်ပေးအပ်ကြပြီး မြရိပ်ညိုရှိုင်ရယ် ဟိုတယ်မှ အနုပညာရှင်များက မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင် နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. A. B. Manjoor Rahim၊ စစ်သံမှူး Brigadier General Helal Uddin Ahmed, psc နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဧပြီ ၂၅

၂၀၀၄ခုနှစ် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ် အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းတက် ရောက်ကြည့်ရှုအားပေး ချီးမြှင့်ပြီး ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမား များ ကွင်းအတွင်းသတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ် နာယကဗိုလ်ချုပ်ကျော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား သည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဥက္ကဋ္ဌဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အထက(၄) တာမွေ မြို့နယ် ဘင်ခရာအဖွဲ့အား အဖွဲ့ချုပ် ဥက္ကဋ္ဌက ဂုဏ်ပြုငွေကျပ်ငါးသောင်း ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်အားကစား သမားများ ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနား ကို ရုပ်သိမ်း၍ ယနေ့ပြိုင်ပွဲ အစီအစဉ် များ စတင်ကျင်းပကြသည်။

ပါဝင်ယှဉ်ပြိုင်

တစ်ဦးချင်း အသက်၅၅နှစ်အထက် ပြိုင်ပွဲကို ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးကျော် သန်းတို့က ပထမ ကွင်းဖွင့်ပွဲအဖြစ် စတင်ကစားကြသည်။ ပထမဆုံး နှစ်ယောက်တွဲ ပွဲစဉ်များအဖြစ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အောင်မိုးတို့အတွဲက ဇေယျာထွန်း၊ တင့်ခိုင်မင်းတို့အတွဲနှင့် ယှဉ်ပြိုင်ကစားကြသည်။ တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ-၂၀၀၄သို့ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ် အားကစားသမားများ အပါအဝင် အားကစားသမား ၁၉၅ဦး ပါဝင် ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

သမ္မတဘုရှ်သည် အီရတ်အရေးဖြေရှင်းရန် နောက်ဖေးပေါက်မှဝင်နေ အမေရိကန် ဒီမိုကရက်တစ်အမတ် ဂျွန်ကယ်ရီ ဝေဖန်

ဝါရှင်တန် ဧပြီ ၂၃

အီရတ်တွင် ဇွန် ၃၀ရက်၌ အမေရိကန်က အီရတ်တို့ထံ အာဏာပြန်အပ်ရန် စီစဉ်သည့်ကြားမှပင် အီရတ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန် မနီးစပ်သေးကြောင်းဖြင့် ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားလိုက်ပြီး အမေရိကန်အစိုးရအနေဖြင့် အာရပ်နှင့် ဥရောပနိုင်ငံများအား မိမိတို့သဘောထားကို လက်ခံလာအောင် မသိမ်းသွင်းနိုင်ဟု ဝေဖန်လိုက်သည်။

အမေရိကန်သတင်းစာ အယ်ဒီတာများ အစည်းအဝေးတွင် ဂျွန်ကယ်ရီက အထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်သည်။

ကုလသမဂ္ဂသံတမန် ဘရာဟီမီအား အီရတ်အရေးတွင် သမ္မတဂျော့ဒဗလျူဘုရှ်က အသုံးချရန်ကြိုးပမ်းချက်မှာ နိုင်ငံတကာအကူအညီကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုရအောင် မကြိုးစားဘဲ နောက်ဖေးပေါက်မှ တက်နေခြင်းဖြစ်သည်ဟု ဂျွန်ကယ်ရီက လှောင်ပြောင်ပြောကြားလိုက်သည်။

အီရတ်တွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍ အဓိကပါဝင်ရန် ဂျွန်ကယ်ရီက တိုက်တွန်း နှိုးဆော်ထားသည်။

ဝေဖန်

ယခုအခါတွင် အီရတ်သမ္မတဆက်ဒမ်ဟူစိန်အားဖယ်ရှားပြီးတစ်နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်ပြီး အမေရိကန်အစိုးရသည် အီရတ်တွင် တိုက်ပွဲများ စစ်ဆင်နွှဲမှုနှင့် အီရတ်မှအပြီးသတ်ရုပ်သိမ်းမှုအကြား တတိယလမ်းကို လိုက်ရန် ကြိုးပမ်းနေသည်ဟုလည်း ဂျွန်ကယ်ရီက ဝေဖန်လိုက်သည်။

ထို့ကြောင့် အမေရိကန်အစိုးရသည် ကုလသမဂ္ဂသံတမန် ဘရာဟီမီအား အသုံးချကာ တတိယလမ်းကိုလိုက်ရန် နောက်ဖေးပေါက်မှ တက်လှမ်းကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကားဗုံးများ ပေါက်ကွဲရာ၌ မီးလောင် ပျက်စီးခဲ့ရသည့် ကျောင်းဘတ်စ်ကားကို အဆောက်အအုံ အပေါ်မှ လှမ်းမြင်ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာဘာလာမြို့တွင် စစ်ဘက်ယာဉ်တန်း တိုက်ခိုက်ခံရ ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး ဆိုးဆိုးရွားရွား ဒဏ်ရာရရှိ

ကာဘာလာ(အီရတ်) ဧပြီ ၂၄

အမေရိကန်တပ်ဖွဲ့က အလိုရှိနေသည့် ဘာသာရေးခေါင်းဆောင်အား သစ္စာခံသည့် ရှီးယိုက် လက်နက်ကိုင်များက စစ်ဘက်မော်တော်ယာဉ်တန်းအား ကာဘာလာမြို့တွင် ချုံခိုတိုက်ခိုက်ရာ ဘူဂေးရီးယားနိုင်ငံသား တပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိသွားသည်။

မီဒီအရပ်ဘက် လက်နက်ကိုင်များက ကာဘာလာမြို့လယ်တွင် ရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာများသုံး၍ ချုံခိုတိုက်ခိုက်ကြကြောင်း မျက်မြင်တွေ့ရှိသူများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

ပြောကြား

စစ်ဘက် မော်တော်ယာဉ်တစ်စင်း ချုံခိုတိုက်ခိုက်ခံရပြီးနောက် ကာဘာလာမြို့တော်ခန်းမမှ မီတာ ၅၀၀-၆၀၀ ခန့် အကွာတွင် ပစ်ခတ်မှု အပြန်အလှန်ဖြစ်ပွားကြကြောင်းဖြင့် ပိုလန်ဦးဆောင်သည့်နိုင်ငံစုံတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။

ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး ချုံခိုတိုက်ခိုက်ခံရစဉ် ဦးခေါင်းသေနတ်မှန်၍ ယင်းဒဏ်ရာဖြင့် သေဆုံးကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဌာနက နောက်ပိုင်းတွင် ပြောကြားသည်။

မီဒီအရပ်ဘက် လက်နက်ကိုင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး သစ္စာခံတပ်ဖွဲ့ဝင်များဖြစ်ကြပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့အား အခြားသော ရှီးယိုက်ခေါင်းဆောင်တစ်ဦး သတ်ဖြတ်မှုဖြင့် စွပ်စွဲထားပြီး ဖမ်းဆီးရန် လိုလားနေသည်။

ဘူဂေးရီးယား တပ်ဖွဲ့ဝင်များအား ဆာဒါး၏ အရပ်ဖက် လက်နက်ကိုင်များ၏ ကြိမ်ဖန်များစွာ တိုက်ခိုက်မှုခံခဲ့ရပြီးနောက် အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင် ၄၅၀ ရှိသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တို့၏ လုံခြုံရေးကိစ္စမှာ ဘူဂေးရီးယားနိုင်ငံတွင် ပြည်သူများအတွင်း အပြင်းအထန် အငြင်းပွားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၁ ရက်က ဖော်လူဂျာမြို့ နေအိမ် တစ်အိမ်အတွင်းသို့ အတင်းဝင်ရောက်ရန် ပြင်ဆင်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ တိုးမြင့်လာ ၃၈၆၄ဦးအထိ ရှိကြောင်း သောကြာနေ့က ကြေညာ

ဝါရှင်တန် ဧပြီ ၂၄

အီရတ်နိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်းဆွန်နီတြိဂံဒေသနှင့် ဘဂ္ဂဒက်မြို့တော် အနောက်ဘက်တွင် ခုခံတွန်းလှန်မှုများ အရှိန်မြင့်လာသည့်အတွက် အီရတ်၌ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ လွန်ခဲ့သည့် နှစ်ပတ်အတွင်းတွင် များစွာ တိုးမြင့်လာသည်။

၂၀၀၃ခုနှစ် မတ်လအတွင်း စတင်ခဲ့သော အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်ကို ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် ဒဏ်ရာရသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၈၆၄ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်က ၎င်း၏အပတ်စဉ် ထိခိုက်ဒဏ်ရာရသူများစာရင်းကြေညာချက်တွင် သောကြာနေ့က ထုတ်ဖော်ပြောကြားသည်။ ယင်းမှာ လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်ကထက် ၅၉၅ဦး တိုးပွားလာသည်။

အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ သောကြာနေ့အထိ ၇၀၇ ဦးရှိကြောင်း အမေရိကန် စစ်ဌာနချုပ် စာရင်းများအရသိရသည်။ ယခု ဧပြီလအတွင်းတွင် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ဦး သေဆုံးသဖြင့် စစ်ဆင်ရေးစတင်ပြီးကတည်းက လစဉ်သေဆုံးသူအရေအတွက်တွင် ဧပြီလသည် အမြင့်ဆုံးဖြစ်သည်။ အများစုမှာ ဧပြီလစောစောပိုင်းတွင် သေဆုံးခြင်းဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပတ်အတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၅ဦး သေဆုံးသည်။

ယခုလအတွင်း ၁၀၀မြောက်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ပင်ဆီဗေးနီးယားပြည်နယ် မက်ကီစပေါ့မှ တပ်ကြပ်ကြီး အက်ဒွပ်ဒဗလျူကာမင်း (၂၇)နှစ် ဖြစ်ကြောင်း သောကြာနေ့က ကြေညာသည်။ တပ်ကြပ်ကြီးအက်ဒွပ်ဒဗလျူကာမင်မှာ ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၇ရက်က တင့်ကားဖြင့် လိုက်ပါလာစဉ် ၎င်းစီးနင်းလိုက်ပါလာသည့် တင့်ကားမောင်းသူအနေဖြင့် ထိန်းမနိုင်တော့ဘဲ တံတားကိုဝင်တိုက် တိမ်းမှောက်ပြီးနောက် သေဆုံးသွားရခြင်း ဖြစ်သည်။ ***အင်တာနက်***

အီရတ်တွင် ပြန်ပေးဆွဲခံရသည့် ဒိန်းမတ်လုပ်ငန်းရှင်တစ်ဦး သေဆုံး

ကိုပင်ဟေဂင် ဧပြီ ၂၄

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံထားရသည့် ဒိန်းမတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်းဖြင့်ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ ယင်းလုပ်ငန်းရှင်အား သတ်ဖြတ်သူ နှင့်ပတ်သက်သည့် သတင်းမရရှိသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြထားသည်။ ယင်းလုပ်ငန်းရှင်သည် ဧပြီ ၁၁ ရက်တွင် ပျောက်ဆုံးသွားသည်ဟု အကြောင်းကြားခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ဒေသခံအာဏာပိုင်များက ၎င်းအား ရှာဖွေတွေ့ရှိနိုင်ရန် ဆွန်နီအကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

အပေါင်းပါတပ်ဖွဲ့ယာယီအာဏာပိုင်အဖွဲ့က ဖော်ပြပါ ဒိန်းမတ်နိုင်ငံသားလုပ်ငန်းရှင်အလောင်းအားအီရတ်ရဲတပ်ဖွဲ့က ဧပြီ ၁၂ ရက်တွင် တွေ့ရှိကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွန်ခဲ့သည့်ညက အကြောင်းကြားကြောင်း၊ သို့ရာတွင် သေဆုံးချိန်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း ဖော်ပြပါကြေညာချက်တွင်ပါရှိသည်။

ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒိန်းမတ်နိုင်ငံသားလုပ်ငန်းရှင်ပျောက်ဆုံးနေကြောင်း ဧပြီ ၁၆ရက်က တရားဝင်အတည်ပြုခဲ့သည်။ ၎င်း၏အမည်ကို ထုတ်ဖော် ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ဒေသခံမီဒီယာ သတင်းဌာနက ၎င်းသည် အသက် (၃၅)နှစ်ရှိပြီး ဟင်နရစ်ဖရင်ဆန် ဖြစ်သည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ဗုံးကွဲ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

ဘဂ္ဂဒက်မြို့၏မြောက်ပိုင်းတွင် လမ်းမဘေး၌ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာမှလာသော သတင်းများအရ သိရသည်။

သေဆုံး

ဘဂ္ဂဒက်မြို့၏မြောက်ဘက် ၆၂မိုင်အကွာရှိ ဆာမာဝါမြို့အနီးတွင် အမေရိကန် ယာဉ်တန်းတစ်ခု ဗုံးခွဲတိုက်ခိုက်ခြင်းခံခဲ့ရသောကြောင့် အမေရိကန် အမှတ်(၁) ခြေလျင်တပ်မမှ တစ်ဦးသေဆုံးသွားကြောင်း စစ်ဘက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

၅၁၀ဦး

အီရတ်စစ်ပွဲသည် ယခင်နှစ် မတ်လမှ စတင်ခဲ့သည်။ ထိုအချိန်မှစတင်၍ ယနေ့အထိ အချိန်ကာလအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၅၁၀ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဖော်လူဂျာတွင် အပစ်အခတ်ရပ်စဲထားသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ

ဘဂ္ဂဒက် မေ ၂၃

ဝိုင်းပတ်ပိတ်ဆို့ထားခြင်း ခံနေရသော ဖော်လူဂျာမြို့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် အီရတ်ပြောက်ကျား ၃၆ ဦး သေဆုံးခဲ့ရကြောင်း ကြာသပတေးနေ့ထုတ် အမေရိကန်နှင့် အပေါင်းပါများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မေ ၂၁ ရက်က ဖော်လူဂျာမြို့သို့သွားသည့် အဝေးပြေးလမ်းမပေါ်တွင် သံဆူးကြိုးအတားအဆီးများ ချနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ပြောက်ကျား ၆၀ ခန့်သည် လက်နက်ငယ်များ၊ လောင်ချာများ အသုံးပြုပြီး အမေရိကန် မရိန်းတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြကြောင်း အမေရိကန်တို့၏ ထုတ်ပြန်ချက်က ဆိုသည်။

တန်ပြန်တိုက်ခိုက်

အမေရိကန်မရိန်းများက လက်နက်ငယ်များ၊စိန်ပြောင်းများနှင့်လေကြောင်းပစ်ကူများ အသုံးပြုပြီး သာလွန်သောအင်အားဖြင့် တန်ပြန်တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။ ထိုတိုက်ခိုက်မှုကြောင့် ခုခံရေးသမား ၃၆ ဦး အသက်ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့က ထွက်ပေါ်လာသော စစ်ဘက်သတင်းအရ ပြောက်ကျား ကိုးဦး သေဆုံးခဲ့ရပြီး မရိန်းတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိခဲ့ကြသည်ဟု ဆိုသည်။

အပစ်အခတ်ရပ်စဲရေးကို တနင်္လာနေ့က စတင်ခဲ့ကြသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ရှိနေသည့်အတွက် အပစ်အခတ်ရပ်စဲရေး ပျက်ပြားမည့် အခြေအနေရှိကြောင်း သိရသည်။

ရပ်ဆိုင်းထား

မြို့အတွင်း၌ တင်းမာမှုများ ရှိလာသောကြောင့် မိသားစုများ မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ရေးကိစ္စကို ရပ်ဆိုင်းထားကြောင်း သိရသည်။

မေ ၅ ရက်ကတည်းက စတင်သော ဖော်လူဂျာမြို့ တိုက်ခိုက်မှုများကြောင့် အီရတ်လူမျိုး ၆၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်ကြောင်း မြို့တွင်းရှိ ဆေးဘက်ရပ်ကွက် သတင်းများက ဆိုသည်။ အမေရိကန်တို့က ထိုးစစ်ကို ရပ်စဲထားသော်လည်း အတိုက်ခိုက်ခံရလျှင်မူ လက်တုံ့ပြန်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကုလသမဂ္ဂတပ်ဖွဲ့၏ အစိတ်အပိုင်းအဖြစ် ထားရှိနိုင်မှသာ အီရတ်သို့ အာရပ်တပ်ဖွဲ့ဝင်များ စေလွှတ်မည်

ကိုင်ရို မေ ၂၃

အာရပ်တပ်ဖွဲ့များကို ကုလသမဂ္ဂတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထားရှိနိုင်သည့်အခါမှသာ အာရပ်ကမ္ဘာက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်ကြောင်းဖြင့် အာရပ်အဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ် အမာမူဆာက ကိုင်ရိုမြို့တွင် ကြာသပတေးနေ့က ပြောကြားလိုက်သည်။

တုံ့ပြန်ပြောကြား

အီရတ်တွင် အာရပ်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ အထူးသံတမန် ဘရာဟီမီ၏ ပြောကြားချက်ကို အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မူဆာက ဧည့်သည်တော် တူနီးရှားနိုင်ငံခြားရေးဝန်ကြီး အယ်ဟာဘစ်ဘင်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဘရာဟီမီ၏ ပြောကြားချက်မှာ တိုက်တွန်းခြင်း မဟုတ်ဘဲ သဘောတရား ပိုဆန်ပြီး တိုက်တွန်းရန် ဆောင်ရွက်ဆဲ အဆိုပြုချက်များ ဖြစ်နိုင်သည်ဟု ဆိုသည်။

မူတည်

၎င်း၏ ပိုင်ပိုင်နိုင်နိုင် တိုက်တွန်းရေးမှာ နိုင်ငံတကာအဖွဲ့အစည်းက ဦးဆောင်သည့် တပ်ဖွဲ့စည်းရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တိကျသော ဆုံးဖြတ်ချက်၊ ယင်းကို အာရပ်အဖွဲ့ချုပ်က လက်ခံသည့် ဆုံးဖြတ်ချက်နှင့်တကွ တရားဝင် အီရတ်အစိုးရထံမှ မေတ္တာရပ်ခံချက်တို့အပေါ်တွင် မူတည်ကြောင်းဖြင့် အမာမူဆာက ပြောဆိုသည်။

အာရပ်တပ်ဖွဲ့ဝင်များမှာ အမေရိကန်ဦးဆောင်သည့် ကျူးကျော်သိမ်းပိုက်ရေးတပ်များ၏ အစိတ်အပိုင်းအဖြစ် မည်သည့်နည်းနှင့်မျှ အကျရောက်မခံနိုင်ကြောင်းဖြင့်လည်း ၎င်းက ရှင်းပြသည်။

လာမည့် အာရပ်ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ မူဆာက ပြောကြားရာ၌ အစည်းအဝေးအစီအစဉ်ကို ပြင်ဆင်ရန် မလိုကြောင်း၊ သော့ချက်အကြောင်းအရာများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ၏ အခြေအနေ စိုးရိမ်ပူပန် ပြင်သစ်နှင့် ပိုလန်နိုင်ငံခြားရေး ဝန်ကြီးများ ပြောကြား

ပါရီ မေ ၂၃

ပြင်သစ်နှင့် ပိုလန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက အီရတ်နိုင်ငံ၏ အခြေအနေနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီး လာမည့်နှစ်တွင် အာဏာလွှဲပြောင်းရေးကိစ္စအား ကြီးကြပ်ရန် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ရေးအတွက် တိုက်တွန်းပြောကြားသည်။

အီရတ်နိုင်ငံ၏ တစ်စတစ်စ ဆိုးရွားလာသည့် အခြေအနေအပေါ် စိုးရိမ်ပူပန်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာနှင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီး စီမော့ဇီဝစ်ဇ်တို့က ပြောကြားကြသည်။

အီရတ်နိုင်ငံ သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့မှ အီရတ်ပြည်သူလူထုထံ အချုပ်အခြာအာဏာ လွှဲပြောင်းရေး ကြီးကြပ်ရာတွင် ကုလသမဂ္ဂကဏ္ဍ၏ အရေးပါမှုကို ၎င်းတို့နှစ်ဦး စလုံးက ပြောကြားကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဗီလက်ဆူးက ကြာသပတေးနေ့တွင် ပြောကြားသည်။

လာမည့်နှစ်စောစောပိုင်းကာလတွင် ရွေးကောက်ပွဲများ ယာယီအားဖြင့် ကျင်းပရန် စီစဉ်ထားပြီးနောက် အီရတ်သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များအား ထောက်ပံ့သည့် အနေဖြင့် အီရတ်နိုင်ငံတွင် ဖြန့်ကြက်ချထားသည့် တပ်ဖွဲ့ဝင်ဦးရေကို လျှော့ချရန် မိမိနိုင်ငံက စီစဉ်ထားကြောင်း စီမော့ဇီဝစ်ဇ်က သတင်းစာဆရာများအား ပြောကြားသည်။

ရွေးကောက်ပွဲများ ကျင်းပပြီးပါက လာမည့်နှစ်တွင် မိမိတို့၏ တပ်ဖွဲ့ဝင်ဦးရေ လျှော့ချနိုင်ဖွယ်ရှိသည်ဟု မိမိယုံကြည်ကြောင်း၊ ပြဿနာမှာ ရပ်သိမ်းရေး မဟုတ်ကြောင်း မိမိတို့ အီရတ်နိုင်ငံတွင် အစဉ်အမြဲ ပါဝင်ပတ်သက်နေမည်ဟု မည်သူတစ်ဦးတစ်ယောက်မျှ မယုံကြည်ကြကြောင်း စီမော့ဇီဝစ်ဇ်က ထပ်လောင်းပြောကြားသည်။

ကုလသမဂ္ဂ အနေဖြင့် အီရတ်နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် မကြာမီ တွေ့ဆုံရာတွင် ဆွေးနွေးမည်ဖြစ်ကြောင်း စီမော့ဇီဝစ်ဇ်က ပြောကြားသည်။

အင်တာနက်။

အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦး သေဆုံး နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတွင် လမ်းဘေးမတော်တဆဖြစ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်ကြေညာချက်တွင် ကြာသပတေးနေ့က ဖော်ပြထားသည်။

ပြောင်းရွှေ့ပေး

ဒဏ်ရာရသူ နှစ်ဦးအနက် တစ်ဦးကို ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ၇၅ ကီလိုမီတာအကွာ ဘာလက်သို့ အင်္ဂါနေ့ညနေက သယ်ဆောင်သွားပြီး ဂျာမနီသို့ ပြောင်းရွှေ့ပေးလိုက်ရသည်။ ကျန်ဒဏ်ရာရသူမှာ မပြင်းထန်သဖြင့် ဆေးထည့်ပြီးနောက် ပြန်လွှတ်လိုက်သည်။

၇၀၀ ကျော် သေဆုံး

လွန်ခဲ့သည့်နှစ် မတ်လက အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၇၀၀ ကျော် သေဆုံးပြီး ၎င်းတို့အနက် ၂၀၀ ကျော်မှာ တိုက်ပွဲတွင် မဟုတ်ဘဲ အခြား အကြောင်းများကြောင့် သေဆုံးကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၁ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် ကားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံတွင် အုပ်ချုပ်မှု လွှဲပြောင်းရေး ဖြစ်နိုင်ရန်ခက်ခဲဟု ဆီွဒင်ဝန်ကြီးချုပ် ပြောကြား

စတော့ဟုမ်း ဧပြီ ၂၃

အီရတ်ရှိ အမေရိကန်ဦးဆောင်သော အာဏာပိုင်အဖွဲ့က လာမည့် ဇွန် ၃၀ ရက်တွင် အီရတ်များထံ အုပ်ချုပ်ရေးပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိသည်။ ယခုအခါ အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများသည် အမေရိကန်တို့၏ အထက်ပါအစီအစဉ်ကို အကောင်အထည်ပေါ်မလာစေရန် အဟန့်အတားသဖွယ် ဖြစ်စေနိုင်ကြောင်း ဆွီဒင်ဝန်ကြီးချုပ် ဂိုရန်ပါဆွန်က ပြောကြားသည်။ ဆွီဒင်ဝန်ကြီးချုပ်သည် လာမည့်သီတင်းပတ်တွင် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် သွားရောက်တွေ့ဆုံရန် အစီအစဉ်ရှိသည်။

မလိုလား

ဆွီဒင်ဝန်ကြီးချုပ်မှာ ဆိုရှယ်ဒီမိုကရက်တစ်ဦးဖြစ်ပြီး အီရတ်စစ်ပွဲကို မလိုလားသူတစ်ဦးဖြစ်သည်။ အီရတ်နိုင်ငံတွင် ယခုအခါ မတည်မငြိမ်မှုများသည် နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်း တစ်စိတ်တစ်ဒေသမှာ ပြည်တွင်းမှာပင် မလိုလားသူများ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်နေရ၍ ဖြစ်သည်ဟု ပါဆွန်က ပြောကြားသည်။

သေဆုံး

အထက်ဖော်ပြပါ အခြေအနေမျိုးတွင် အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရလက်သို့ အမေရိကန်တို့စီစဉ်ထားသည့်အတိုင်း ဇွန် ၃၀ ရက်တွင် အုပ်ချုပ်မှုအရပ်ရပ် လွှဲပြောင်းပေးရေးကိစ္စမှာ ဖြစ်နိုင်ရန် ခက်ခဲသော အခြင်းအရာပင် ဖြစ်သည်ဟု ဆွီဒင်ဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားသည်။

အီရတ်စစ်ပွဲကြောင့် စတင်ဖြစ်ပွားသည့်နေ့မှ ယခုအချိန်အထိ ကာလအတွင်း တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၁၁ ဦးတို့ အသက် ဆုံးရှုံးခဲ့ကြရပြီးဖြစ်သည်။ ထိုအရေအတွက်အနက် ၁၀၀ ကျော်တို့မှာ ယခုလတစ်လတည်းတွင် သေဆုံးကြရသူများဖြစ်သည်။ ဆွီဒင်သည် စစ်ရေးအရ မဟာမိတ်အဖွဲ့အတွင်း ပါဝင်သော နိုင်ငံတစ်နိုင်ငံမဟုတ်ပါ။ ထို့အပြင် ၎င်း၏အိမ်နီးချင်းဖြစ်သော နေတိုးစစ်ဌာနချုပ် အဖွဲ့ဝင် ဒိန်းမတ်နိုင်ငံနည်းတူ အီရတ်နိုင်ငံအတွင်းသို့ တပ်ဖွဲ့များလည်း စေလွှတ်ပေးထားခြင်းမရှိဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

မီးလောင် ပျက်စီး

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် ကားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ဝင်ရောက်မစွက်ဖက်ရန် ကန်ကိုသတိပေး

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံ ထိပ်တန်းအစ္စလမ်ဘာသာရေး အဖွဲ့အစည်းဖြစ်သည့် အင်ဒိုနီးရှား အူလီမာကောင်စီ (အမ်ယူအိုင်)က အင်ဒိုနီးရှား၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဂျကာတာရှိ အမေရိကန် သံရုံးအား ကြာသပတေးနေ့တွင် သတိပေးလိုက်သည်။

အမ်ယူအိုင် ဘာသာရေး အဖွဲ့အစည်း၏ အတွင်းရေးမှူးချုပ် ဒင်ဆိုင်ယမ်ဆူဒင်က ထိန်းသိမ်းခံထားရသော ဘာသာရေးခေါင်းဆောင် အဘူဘေကာဘာရှာအား တွေ့ဆုံပြီးနောက် အကျဉ်းထောင် အပြင်ဘက်တွင် အထက်ပါအတိုင်း သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အင်ဒိုနီးရှား၏ အခြားသော အရေးအရာနယ်ပယ်များတွင် ဝင်ရောက် စွက်ဖက်ခြင်းမပြုရန်လည်း ဆိုင်ယမ်ဆူဒင်က အမေရိကန်ပြည်ထောင်စုသို့ သတိပေးပြောကြားသည်။

အဆိုပါ အမေရိကန်တို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ ဆက်ဆံရေးအတွက် အထောက်အကူပြုမည် မဟုတ်ကြောင်းနှင့် ညံ့ဖျင်းသော သံတမန်ရေးရာ လှုပ်ရှားဆောင်ရွက်မှုသာ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရယ်ဖ်အယ်တွိုက်စ်သည် ရုံးတင်စစ်ဆေးခြင်းမပြုဘဲ ထားပြီး ဧပြီ ၃၀ ရက်တွင် ပြန်လွှတ်ရက်စေ့ရောက်မည်ဖြစ်သော အဘူဘေကာအား ထိန်းသိမ်းထားရေးကို ကာလတိုးချဲ့ရန်လွှန်ခဲ့သောလအတွင်းက အင်ဒိုနီးရှားအစိုးရအား တိုက်တွန်းခဲ့သည်။

သို့ရာတွင် အမေရိကန်သံအမတ်ကြီး၏ မေတ္တာရပ်ခံတိုက်တွန်းချက်ကို အင်ဒိုနီးရှားရဲဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ငြင်းပယ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြား သတင်းများ

ဒဏ်ရာရ

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဦးခေါင်းတွင် ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည့် အသက် ၁၅ နှစ်အရွယ် အီရတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ နော်ဝေတပ်ဖွဲ့ဝင်များ မူလအစီအစဉ်အတိုင်း ရုပ်သိမ်းမည်

အော့စလို ဧပြီ ၂၄

အီရတ်နိုင်ငံတွင် တပ်စွဲထားသော နော်ဝေတပ်ဖွဲ့အား ပြန်လည်ရုပ်သိမ်းခြင်းမပြုဘဲ ဆက်လက်ချထားရန် အမေရိကန်ပြည်ထောင်စုက နော်ဝေအစိုးရကို မေတ္တာရပ်ခံခဲ့သည်။ သို့သော် နော်ဝေအစိုးရက အာဖဂန်နိုင်ငံတည်ငြိမ်ရေးကိစ္စများတွင် အလေးပေးဆောင်ရွက်ရန် အစီအစဉ်ရှိသည့်အတွက်ကြောင့် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို လိုက်လျောနိုင်ခြင်းမရှိဘဲ နော်ဝေတပ်ဖွဲ့များကို မူလက စီစဉ်ထားသည့်အတိုင်း လာမည့်ဇွန်လတွင် ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်သည်ဟုဆိုသည်။

နေတိုးစစ်စာချုပ်အဖွဲ့ဝင် နော်ဝေနိုင်ငံသည် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို အားပေးထောက်ခံခြင်းမရှိပေ။သို့ရာတွင် အီရတ်ခေါင်းဆောင် ဆက်ဒမ်ရာထူးမှ ဖယ်ရှားခြင်းခံလိုက်ရပြီး နောက်ပိုင်းတွင် ငြိမ်းချမ်းရေးနှင့် အေးချမ်းတည်ငြိမ်ရေးကိစ္စများ ဆောင်ရွက်ရန် အီရတ်နိုင်ငံတောင်ပိုင်းသို့ နော်ဝေတပ်ဖွဲ့တပ်ခွဲတစ်ခွဲစာမျှအင်အားရှိသည့် တပ်ဖွဲ့ဝင်၁၈၀ခန့်ကို စေလွှတ်ပေးခဲ့ကြောင်းသိရသည်။

မျှော်လင့်

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ကောလင်းပါဝဲက နော်ဝေနိုင်ငံသည် ဇွန်လတွင်အီရတ်မှ တပ်များ ပြန်လည်ရုပ်သိမ်းသွားမည့်အစီအစဉ်ကိုပြန်လည်သုံးသပ်စဉ်းစားလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ထိုသတင်းထွက်ပေါ်လာပြီး နောက်ပိုင်းတွင် နော်ဝေနိုင်ငံအနေဖြင့် ကတိကဝတ်ရှိထားသည့်အတိုင်း တပ်များကို မူလအစီအစဉ်အတိုင်း နွေရာသီအထိသာ ဆက်လက် ချထားမည်ဖြစ်သည်ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဂျန်ပီတာဆင်က အင်အာကေရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်ဟု ဆိုသည်။

၎င်းကအာဖဂန်တွင် နေတိုးအဖွဲ့က ဆောင်ရွက်နေသော လုပ်ငန်းများ ပျက်ပြားခြင်းမရှိစေရန် မိမိတို့အနေဖြင့် တာဝန်ယူသွားရလိမ့်မည်။ ထိုအရေးကြီးသော တာဝန်ကို ထမ်းရွက်ရန် အာဖဂန်တွင် တပ်များကို နည်းပါးစွာ ချထားနေသည်။ နော်ဝေအနေဖြင့် အီရတ်နိုင်ငံတွင် တိုး၍ဖြစ်ပွားလာနေသော ဆူပူမှုများကို စိုးရိမ်၍ တပ်များကို ထွက်ခွာစေခြင်း ဖြစ်သည်ဟူသော သတင်းမှာ မဟုတ်မမှန်ဟု ပီတာဆင်က ငြင်းဆိုခဲ့သည်။

ချထားဦးမည်

အမေရိကန်အစိုးရသည် အီရတ်နိုင်ငံကို သိမ်းပိုက်သည့်အဖြစ်ကို ရပ်စဲသွားစေရန် လာမည့်ဇွန်လ၃၀ရက်တွင် အီရတ်နိုင်ငံကြားဖြတ်အစိုးရ လက်သို့ အုပ်ချုပ်ရေး ပြန်လည်လွှဲအပ်ပေးမည်ဖြစ်သည်။ ထိုသို့ အုပ်ချုပ်မှုများ ပြန်လည်လွှဲအပ်ပေးသော်လည်း အမေရိကန်တပ်ဖွဲ့များမှာမူ အီရတ်နိုင်ငံ၌ ဆက်လက်ချထားမြဲ ချထားဦးမည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ပြန်လည်ထူထောင်ရေးစီမံကိန်းများ ရပ်ဆိုင်းထားရ

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံအနှံ့အပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားမှုကြောင့် အဓိကကျသော လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊ ရေပေးဝေရေးလိုင်းများနှင့် ပတ်သက်၍ ပြုပြင်ရေးလုပ်ငန်းများ ရပ်တန့်နေပြီး ဆီးမင်းအေဂျီ၊ ဘိချ်တယ်နှင့် ဂျင်နရယ်အီလက်ထရစ်စသည့် ကုမ္ပဏီကြီးများ၏ ပြန်လည်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများလည်း ရွှေ့ဆိုင်းထားရသည်။

ထို့ကြောင့် အရေးပါသော အမေရိကန်တို့၏ အီရတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်ပြားစေမည့် အလားအလာနှင့် ရင်ဆိုင်ရလျက်ရှိနေသည်။

ထိခိုက်

ထို့အပြင် အချို့သော ပြန်လည်ထူထောင်ရေးစီမံကိန်းများကိုတိုက်ရိုက်ကြီးကြပ်လျက်ရှိသည့် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနသည်ပင် ထိခိုက်နစ်နာမှုများနှင့် ရင်ဆိုင်နေရသည်။ အဆိုပါဌာန၏ အီရတ်နိုင်ငံသားမဟုတ်သော အလုပ်သမားများသည် အီရတ်နိုင်ငံ ပြင်ပတွင် ရောက်ရှိနေကြသည်။ ၎င်းတို့သည် အီရတ်နိုင်ငံပြင်ပသို့ တာဝန်ပေးစေလွှတ်ပြီးနောက် ခုခံတိုက်ခိုက်မှုများကြောင့် ပြန်လည်ဝင်ရောက်နိုင်ခြင်း မရှိကြချေ။

ထွက်ခွာ

ဂျာမနီနိုင်ငံအခြေစိုက် ဆီးမင်းကုမ္ပဏီ၏ ဝန်ထမ်းများသည် ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း၌ ဂျင်နရေတာများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားလိုက်ပြီး ဂျင်နရယ်အီလက်ထရစ်ကုမ္ပဏီ အလုပ်သမားများသည် အဆိုပါဒေသမှာပင် တည်ဆောက်လျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ခွာသွားကြပြီဖြစ်သည်။

ဆိုင်းငံ့

အမေရိကန်ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘိချ်တယ်၏ ပြောခွင့်ရပုဂ္ဂိုလ်က ခုခံတိုက်ခိုက်မှုများကြောင့် မိမိတို့ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းအားလုံး၏ ၁၀ရာခိုင်နှုန်းခန့်ကို ဆိုင်းငံ့ထားရကြောင်း ပြောကြားသည်။

အင်တာနက်။

ကိုးမိုင် မဟာစည် ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် ဧပြီ ၂၅

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ပရဝဏ်အတွင်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ထားသည့် ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းပွဲတော်ကို (ကဆုန်လပြည့်နေ့) မေ ၃ ရက် (တနင်္လာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မီးသတိပြု

ယောနကဘိုးထောင်

*** မြို့ရွာတစ်ခွင်၊ သာစေချင်**
မီးတွင် မပေါ့နှင့်။
*** မီးသုံးစွဲလျှင်၊ အသိယှဉ်**
အစဉ်သတိ၊ အမြဲရှိ။
*** မီးကြွင်းမီးကျန်၊ မရှိရန်**
ကျင့်ကြံသတိ၊ အမြဲရှိ။
*** မီးဘေးရှောင်၊ မလောင်ခင်တား။**
*** စုပေါင်းကာကွယ်၊ မီးဘေးအန္တရာယ်။**
*** သင့်ကြောင့် မီးမလောင်ပါစေနှင့်။**
*** မီးဘေးအန္တရာယ်၊ အစဉ်သတိပြုကာကွယ်။**

နွေရာသီကို ရောက်ရှိလာသဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် မီးဘေးအန္တရာယ် ကင်းဝေးစေရန် သတိပေးနှိုးဆော်ချက်များကို အစဉ်အမြဲ တွေ့နေရသည်။ မီးကိုအကျိုးရှိစွာ အသုံးချတတ်ပါက လူတို့အတွက် အင်မတန်အသုံးဝင်သည့် မိတ်ဆွေဖြစ်သည်။ မဆင်မခြင် မထိမ့်မြင် ပြုလုပ်ပါက အဆိုးရွားဆုံး ရန်သူလည်းဖြစ်သည်။ မီးသည် ရန်သူမျိုးငါးပါးတွင် အကြီးမားဆုံး ရန်သူဖြစ်သည်။

ထို့ကြောင့် **မီးအန္တရာယ်ကို လူတိုင်းသတိပြုဆင်ခြင်သင့်ပါသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဝမ်းနည်းဖွယ် တွေ့မြင်ကြရသည်။** မြန်မာနိုင်ငံ၏ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများတွင် မီးဘေးကြောင့် အလဟဿဆုံးရှုံးကြရသည်။ မီးလောင်မှုအမျိုးအစားများမှာ မီးဖိုမီး၊ ပေါ့ဆမီး၊ အလိုအလျောက်မီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီးများကြောင့် ဖြစ်ပွားတတ်ပါသည်။ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အိမ်ခြေတိုက်တာ အဆောက်အအုံများ၊ စက်ရုံ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ကျောင်းများ၊ ဆေးရုံများ ပျက်စီးဆုံးရှုံးရသည်။ မီးဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရပြီး ဒဏ်ရာရရှိ သေကျေပျက်စီးခြင်းများအထိ ကြုံတွေ့ရတတ်ပါသည်။ အိမ်မွေး တိရစ္ဆာန်များလည်း သေကျေပျက်စီးရတတ်သည်။ လူမှုရေး၊ စီးပွားရေးချို့တဲ့ နစ်နာဆုံးရှုံးမှုများ ဖြစ်ကြရသည်။

မီးမရှိသေမှုကြောင့် တန်ဖိုးများစွာ ဆုံးရှုံးပျက်စီးခဲ့ကြရသည်။ "မီးဘေးကိုရှောင် မလောင်ခင်တား"ခြင်းမှာ အကောင်းဆုံးနည်းပင်ဖြစ်သည်။ မီးသတ်ဦးစီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း၊ ဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောခြင်း၊ မီးလောင်မှုဖြစ်ပွားပါက ကြိုတင်ထိန်းသိမ်း ငြိမ်းသတ်နိုင်ရန် အကြိုအခြေခံမီးသတ်သင်တန်းများ ပို့ချပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ အရောက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ကာ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ မီးသတ်ဦးစီးဌာနသည် "နိုင်ငံတော်အား မီးဘေးအန္တရာယ်မှ ကင်းဝေးစေအံ့" ဟူသောဆောင်ပုဒ်နှင့်အညီ မီးလောင်မှုများ လျော့နည်းကျဆင်းရေးနှင့် မီးလောင်မှုကြီးများ မဖြစ်ပွား မပေါ်ပေါက်စေရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ဦးစီးဌာနမှူးများသည် မိမိတို့တာဝန်ယူရသော နယ်မြေများအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

မီးသတ်ဦးစီးဌာနသည် "မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေးသတိပေး၊ နွေမှာ အသင့်ဖြစ်ရေး" ဆောင်ပုဒ်လုပ်ငန်းစဉ်များအတိုင်း ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ မီးသတ်စက်များ၊ မီးသတ်ပစ္စည်းကိရိယာများ အစဉ်ကောင်းမွန်အသင့်ရှိရေး အထူးလိုအပ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် အစဉ်ကျန်းမာသန်စွမ်းပြီး စွမ်းရည်သုံးရပ် ထက်မြက်နေရမည်။ တပ်တွင်းပညာပေးဟောပြောမှုများ၊ မြေပုံတိုက်ပွဲ လေ့ကျင့်ခန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများဖြင့် ပျိုးထောင်ပေးရမည်။ မီးသတ်ပညာရပ်များကို ကျွမ်းကျင်ထက်မြက်နေစေပြီး မီးသတ်စွမ်းရည်မြင့်တက်နေစေရန် စဉ်ဆက်မပြတ် လေ့ကျင့်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဝိုင်းဝန်းကူညီ အားဖြည့်ပေးရန် အထူးလိုအပ်သည်။ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲများကို အသင့်ဆောင်ထားကြရမည်။ အမှိုက်သရိုက်၊ လောင်စာများကို သန့်ရှင်းထားရမည်။ မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် မိမိတို့မြို့နယ်၊ ရပ်ကွက်အလိုက် ရေရရှိရေးလုပ်ငန်းများ၊ ရေလှောင်ကန်များကို တတ်အားသရွေ့ အသင့်အနေအထား စီစဉ်ဆောင်ရွက်ထားရမည်။ မီးလောင်မှုဖြစ်ပေါ်လျှင် မီးသတ်စက်ယာဉ်ကြီးများ ရောက်မလာမီ ရှေးဦးစွာမီးကို ထိန်းသိမ်းထားနိုင်ရန် အပေါ့စားမီးသတ်စက်များကို ကိုယ့်အားကိုယ်ကိုး စုပေါင်းဝယ်ယူ အသင့်ဆောင်ထားသင့်သည်။ နေအိမ်တိုက်တာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများနှင့် စက်ရုံ၊ အလုပ်ရုံ မီးဘေးစိုးရိမ်ရသောလုပ်ငန်းတို့တွင် အရေးပေါ်မီးသတ်ဆေးဘူးများ ထားရှိရမည်။ မီးသတ်တပ်ဖွဲ့ဝင်များကို လိုအပ်သော အကူအညီပေးရန်လိုအပ်ကြောင်း ပြည်သူများ နားလည်သဘောပေါက်ပြီး ကြိုတင်ဆောင်ရွက်ထားကြရန် လိုအပ်သည်။

မီးဘေးအန္တရာယ်ဖြစ်မှ ငြိမ်းသတ်ခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ မီးဘေးရှောင်၍ မလောင်ခင်တားဆီးကာကွယ်မှုက အထိရောက်ဆုံးဖြစ်သည်။ မီးဘေးအန္တရာယ်ကို တစ်ယောက်အားဖြင့် မစွမ်းသာ စုပေါင်းကာကွယ်မှ အောင်မြင်မှုရပေမည်။ မီးလောင်ဆုံးရှုံးမှုကြောင့် နိုင်ငံတော်ဝင်ငွေ ယိုဖိတ်မှုကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ပြည်သူတို့က တစ်တပ်တစ်အား ဝိုင်းဝန်းကူညီမှ အောင်မြင်မှုရရှိမည်။ သို့ဖြစ်ရာ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"**ဟု အသိပေးနှိုးဆော်တိုက်တွန်းလိုပါသည်။ ထို့အပြင် **"မီးဘေးရှောင် မလောင်ခင်တား"**၍ မီးအန္တရာယ်ကို ကြိုတင်ကာကွယ်သွားကြရန် ရေးသားတင်ပြအပ်ပါသည်။ ။

ဝန်ကြီးဦးတင်ဝင်း အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးဦးတင်ဝင်းနှင့် အဖွဲ့သည် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီနှင့် ဝန်ကြီးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ညိုတို့ လိုက်ပါသွားကြသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းနှင့် အဖွဲ့သည် အာဆီယံ စီးပွားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၂၂ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဦးသန်းရွှေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် အာဆီယံစီးပွားရေး ဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းနှင့်အဖွဲ့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် မလွန်ဈေး ဆန်လှူအသင်းထောက် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်၏ ဓမ္မာရုံသစ်ကြီးတွင် ပုဇွန်တောင်မြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက်မှ ဆန်အလှူခံ အကြိုတရားပွဲများ ကျင်းပမည်ဖြစ်ရာ မေ ၁ ရက်မှ ၂ ရက်အထိ ည ၇ နာရီတွင် ဘွဲ့ရအရှင်အာစာရာလင်္ကာရ(စစ်ကိုင်း၊ ရွှေဟင်္သာကျောင်းတိုက်) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၁၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Business Environment (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မေးမြန်းစူးစမ်း
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဉာဏ်ကျယ်လေး (အပိုင်း-၁၃)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် အယောင်ဆောင်ချစ်သူ (အပိုင်း-၅) (ဇာတ်သိမ်းပိုင်း)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

(၆)ကြိမ်မြောက် မုန့်ဟင်းခါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

၂၀၀၄ခုနှစ် (၆)ကြိမ်မြောက် မြန်မာမုန့်ဟင်းခါးပြိုင်ပွဲကြီးနှင့် ဒေသစုံမုန့်ဟင်းခါးပွဲတော် ပြိုင်ပွဲဝင်အသင်းများ စာရင်းသွင်း ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်စားသောက်ဆိုင်တွင် ဧပြီ ၂၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ကို မေ ၈ ရက်နှင့် ၉ ရက် နံနက် ၆ နာရီမှ ၁၁ နာရီထိ ပြည်သူ့ရင်ပြင် စားသောက်ဆိုင် (ပြည်လမ်းဘက် ဝင်ပေါက်)တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ NGO အသင်းအဖွဲ့များမှ ဝန်ထမ်းများ အခမဲ့မုန့်ဟင်းခါးစားခွင့် လက်မှတ်ကို မြန်မာနိုင်ငံစားဖိုမှူးကြီးများအသင်းရုံးတွင် အသင်းအဖွဲ့အစည်းမှ အသိအမှတ်ပြုကတ်များ ပြ၍ မေ ၄ ရက်နှင့် ၅ရက်နေ့များတွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူနိုင်သည်။

ဆက်သွယ်နိုင်

ရခိုင်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ မြောင်းမြ၊ ရှမ်းပြည်နယ် စသော ဒေသစုံမှ မုန့်ဟင်းခါးမျိုးစုံကို ပျော်ရွှင်စွာ စားသောက်နိုင်မည်ဖြစ်၍ စိတ်ဝင်စားသူများ ဦးအော်လီဗာစိုးသက်၊ ဦးသန်းလွင် မြန်မာစားဖိုမှူးကြီးများအသင်း အမှတ် ၃၀၊ ငါးလွှာ၊ B ၊ ဗိုလ်မိုးလမ်း၊ စမ်းချောင်း မြေနီကုန်း။ ဖုန်း-၅၀၁၁၂၃၊ E-Mail angel @ Myanmar com. mm သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သာသနာရေးဆိုင်ရာများလျှောက်ထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအားခေတ်ကျော်လွှား

ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ပူဇော်ကြည်ညိုသည်။

ပူဇော်ကြည်ညို

ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကောသရအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ပင့်လျှောက်လွှာဂါထာဖြင့် ရွတ်ဆိုပင့်လျှောက်ရာ တပည့်ဒါယကာများက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ မဟာထေရ်အား ပူဇော်ပွဲ ကျင်းပရာ ပူဇာသနပလ္လင်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် တေးသံရှင် ရွှေယမင်းဦးနှင့် ဘင်ဂျိုမောင်မောင်အဖွဲ့တို့က ထူးမခြားနားသီချင်းကြီးဖြင့် သီဆိုတီးခတ်ပူဇော်ကြသည်။

ဘုရားကန်တော့ဖွင့်လှစ်

ရှေးဦးစွာ ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကောသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ကန်ဦးဇေတဝန်ကျောင်း၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ အရှင်သူမြတ်အား ချီးကျူးပူဇော်သည့် (အဂ္ဂမဟာပဏ္ဍိတ) ဂုဏပူဇာအခမ်းအနားသို့ ကြွရောက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသည့် သံဃာတော်အရှင်မြတ်တို့အား ဖူးမြော်ကြည်ညိုခွင့်ရရှိသည့်အတွက် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားများ တိုးပွားစေနိုင်သည့် ကုသိုလ်မင်္ဂလာတရားများကို ဆည်းပူးခွင့်ရရှိပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ကန်ဦးဇေတဝန် ဆရာတော်ကြီးသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ ခမည်းတော် ဦးလှမောင်၊ မယ်တော် ဒေါ်ဂွမ်းပုံတို့မှ ၁၃၀၅ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (စနေနေ့)တွင် ဖွားမြင်တော်မူခဲ့ပါကြောင်း၊ ဆရာတော်လောင်းလျာသည် သက်တော် ၁၃နှစ်အရွယ် ၁၃၁၈ခုနှစ် ဝါဆိုလတွင် အရှင်နန္ဒသာမိဘွဲ့အမည်ဖြင့် ရှင်သာမဏေပြုခဲ့၍ သက်တော် ၂၀ အရွယ် ၁၃၂၅ခုနှစ် ဝါဆိုလဆန်း ၁၅ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ အိုးဘိုကျောင်းခဏ္ဍာသိမ်၌ အိုးဘိုကျောင်းဆရာတော် ဘဒ္ဒန္တသုစရိတကို ဥပဇ္ဈာယ်ပြု၍ ဦးကျင်မောင်-ဒေါ်တင်နုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါကြောင်း။

ဂန္ထဓုရတာဝန်ထမ်းဆောင်

ထို့နောက် ပရိယတ္တိစာပေကျမ်းဂန်များကို ကျမ်းတတ်အကျော် စာချဆရာတော်ကြီးများ အထံတော်၌ သင်ယူဆည်းပူးတော်မူခဲ့၍ သာသနဓဇဓမ္မာစရိယစာချတန်းနှင့် စေတီယင်္ဂဏ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ စာချတန်း စာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပြီး ရန်ကုန်မြို့ သရက်တောတိုက် သာသနောဒယကျောင်း၌ ပိဋကတ်စာပေ ကျမ်းဂန်များ ပို့ချတော်မူခဲ့၍ ၁၃၃၃ ခုနှစ်တွင် ယခုလက်ရှိ ကန်ဦးဇေတဝန် စာသင်တိုက်ကို တည်ထောင်ပြီး နှစ်ပေါင်း ၃၀ကျော် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ စာချတန်းဖြေဆိုမည့် စာသင်သားများအား ပရိယတ္တိစာပေသင်ကြားပို့ချပေးခဲ့ရာ ပထမငယ်တန်းအောင် ၅၀၅ပါး၊ ပထမလတ်တန်းအောင် ၄၁၄ပါး၊ ပထမကြီးတန်းအောင် ၂၆၅ပါး၊ ဓမ္မာစရိယ စာချတန်းအောင် ၆၁ပါးတို့ ပေါ်ထွန်းခဲ့၍ ယခုအခါ စာသင်သားသံဃာအပါး ၁၆၀တို့ကို ထိန်းသိမ်းအုပ်ချုပ်တော်မူလျက် ဂန္ထဓုရတာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူလျက်ရှိကြောင်းကို သိရှိရပါကြောင်း။

မူလစာသင်တိုက် စတင်ဖွင့်လှစ်စဉ်က တပည့်စာသင်သားသံဃာ နှစ်ပါးမျှဖြင့် ဖွင့်လှစ်ခဲ့ရသော်လည်း ယခုအခါ တပည့်စာသင်သား သံဃာတော်အပါး ၁၆၀ကျော်အထိ တိုးတက်စည်ပင်ပြန့်ပွားထွန်းကားလာခဲ့၍ သာသနိက အဆောက်အအုံများမှာလည်း မူလစတင်စဉ်က ဓနိမိုး၊ ဝါး၊ ထရံကာ ကျောင်းများဖြင့် စတင်ခဲ့ရသော်လည်း ယခုအခါ တစ်ထပ်တိုက်သုံးကျောင်း၊ နှစ်ထပ်တိုက် သုံးကျောင်း၊ သုံးထပ်တိုက်တစ်ကျောင်း၊ လေးထပ်တိုက်တစ်ကျောင်း စသည်ဖြင့် နှစ်ထောင်းအားရဖွယ်ရာ တိုးတက်ကြီးပွားနေသည်ကို တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ တိုးတက်ကြီးပွားလာခြင်းမှာ ကန်ဦးဇေတဝန်ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အင်အားကြီးမားခြင်းကြောင့်လည်းကောင်း၊ လုံ့လဝီရိယ ကြီးမားမှု၊ အုပ်ချုပ်မှုစည်းစနစ် တိကျကောင်းမွန်ခြင်းတို့ကြောင့်လည်းကောင်း၊ တိုက်အုပ်၊ တိုက်ကြပ် စာချဆရာတော်များ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုနှင့် ဒါယကာ၊ ဒါယိကာမများ၏ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှုတို့ကြောင့် ဖြစ်ပါကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိသည်ကို တင်ပြလျှောက်ထားအပ်ပါကြောင်း။

ဂုဏ်ပြုပူဇော်

ပရိယတ္တိသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူလျက်ရှိသော ကန်ဦးဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ အရှင်သူမြတ်အား နိုင်ငံတော်အစိုးရက ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ဂုဏ်ပြုပူဇော်ခြင်းဖြစ်ပါကြောင်း၊ ယခုတစ်ဖန် ဆရာတော်ကြီး၏ တပည့်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ထပ်မံ၍ ဂုဏဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲကျင်းပပြုလုပ်ကြခြင်း ဖြစ်ပါကြောင်း။

ရှေ့သို့ ဆက်လက်၍ ကန်ဦးဇေတဝန်စာသင်တိုက်ကြီး တိုးတက်ကြီးပွားအောင် ဆရာဒကာ လက်တွဲညီညာစွာ သာသနာပြုနိုင်ကြပါစေဟု ဆန္ဒမွန်ပြုအပ်ပါကြောင်း။

ကန်ဦးဇေတဝန်ဆရာတော်ကြီးသည် ကျန်းမာစွာဖြင့် သက်တော်ရာကျော်ရှည်လျက် ပရိယတ္တိစာပေ ကျမ်းဂန်ပို့ချမှု ဂန္ထဓုရ လုပ်ငန်းတာဝန်ကြီးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း။

ယနေ့ပြုလုပ်ဆည်းပူးအပ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်စေတနာ စွမ်းအားတို့ကြောင့် လည်းကောင်း၊ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အနှောင့်အယှက် အပိတ်အပင် အတားအဆီး ကင်းရှင်းစွာဖြင့် ရည်မှန်းထားသည့်အတိုင်း အလျင်အမြန် ရောက်နိုင်ပါစေသော်ဟု အာသီသပတ္ထနာပြုလျက် တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏပူဇာမင်္ဂလာအခမ်းအနားအတွက် မင်းကွန်းတိပိဋကဆရာတော် လေးပါးက ငွေကျပ်နှစ်သိန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ် တစ်သိန်း၊ ဦးကျော်မြင့်-ဒေါ်တင်တင်အေး မိသားစု (ထိပ်တန်းမုန့်ဟင်းခါး)က ငွေကျပ် တစ်သိန်း၊ တပည့်ဒါယကာ ဒါယိကာမများက ငွေကျပ်ငါးသိန်း၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးမြင့်အောင်ကျော်၊ ဇနီးမိသားစုက နေ့ဆွမ်းလှူဒါန်းကြကြောင်း သိရှိရသည်။

ဆက်လက်၍ တပည့်ဖြစ်သူ စာချဓမ္မကထိက ဘဒ္ဒန္တကုသလ(ဓမ္မာစရိယ)က အာစရိယ ဂုဏတုထိပူဇာဂါထာဖြင့် ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိကထာအကျဉ်းကို တပည့်ဖြစ်သူ ဦးသီဟဗလ (ဓမ္မာစရိယ)က ဖတ်ကြားလျှောက်ထားသည်။

သီဆိုပူဇော်

ယင်းနောက် ရွှေတံဆိပ်ငါးဆုရှင် မသဉ္ဇာထွန်းက ဆရာတော်၏ ထေရုပ္ပတ္တိ သီချင်းဖြင့် သီဆိုပူဇော်သည်။

ဆက်လက်၍ စာရေးဆရာမောင်ခိုင်တည် ရေးသားပူဇော်သော ဆရာတော်၏ ဂုဏ်တော်ဘွဲ့တေးထပ်နှင့် ဧကပိုဒ်ရတုတို့ဖြင့် ရွှေယမင်းဦးက သီဆိုပူဇော်သည်။

ထို့နောက် ကန်ဦးဇေတဝန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဂုဏပူဇာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ အထက်ဌာပနာတိုက်၌ ဌာပနာတော်များ ထည့်သွင်းပူဇော်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ဌာပနာတော်တို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တကေသရအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်များထံ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ယူဆောင်၍ စေတီတော်ဝတ္ထုကံမြေနေရာ၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒေါ်ကြိုင်ကြိုင်က မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကို ရည်စူး၍ ဌာပနာတော်များနှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာပနာတော်၊ ငှက်မြတ်နားတော်၊ ဆည်းလည်းပဒေသာတို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးခင်မောင်ဇော်က ကုန်းတလပေါင်စံပြကျေးရွာတွင် တည်ဆောက်ပြီးစီးခဲ့သော မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံခြင်းစာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ အမှားအယွင်းနှင့် မပြည့်စုံခြင်းရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း တိုင်ကြားသည့်စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအတွက် အရှင်နန္ဒသာရ ကြာအင်း ပေါ်တော်မူကျောင်းတိုက် ပဓာန နာယကဆရာတော် ဘားအံမြို့နယ် ကရင်ပြည်နယ်က ငွေကျပ် ၁၁၀၀၀၀၀၀၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစုက စေတီတော် ရွှေသင်္ကန်းအတွက် ငွေ ၈၅၇၃၄၃ကျပ်၊ ဒေါက်တာ အောင်သွင်ကျော်-ဒေါ်ဌေးဌေးဝင်း၊ သမီး မဇာဏီဝင်း၊ သားကြီး မောင်ရဲကျော်ဟိန်း၊ သားငယ် မောင်အောင်ကျော်ထိုက် မိသားစုက ငွေကျပ် ၄၄၆၀၀၀၀၀၊ နဂါးအဖွဲ့မှ ဒေါ်ခိုင်ခိုင်ဝင်းနှင့် မောင် ဦးဇော်လင်းနှင့်အဖွဲ့က ငွေကျပ် ၁၁၃၀၀၀၀၀၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်အဖွဲ့မှ လှူဒါန်းငွေကျပ် ၂၅၀၀၀၀၀၊ ဦးမြင့်ဦး-ဒေါ်မမလေး မိသားစုက ငွေကျပ်၂၀၀၀၀၀၀၊ ဦးတင်မောင်(စန္ဒီပရဆေး) မြန်မာတိုင်းရင်းဆေးအဖွဲ့က ငွေကျပ် ၂၀၀၀၀၀၀၊ ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ဆွေမာလွင်၊ သမီး ဝင့်ဝါထွန်းက ငွေကျပ် ၁၆၂၅၀၀၀၊ ဦးအောင်ကြီးမြင့်(ကျန်စစ်မင်းဆောက်လုပ်ရေး) ဘုရင့်နောင်ပွဲရုံက ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်အေးမြနွယ် ပုဂံဟိုတယ်က ငွေကျပ် ၁၀၀၀၀၀၀၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၇) သင်တန်းဆင်းအရာရှိကြီးများက ငွေကျပ် ၇၅၀၀၀၀၊ ဒေါ်မြသီမိသားစု (ရွှေစေတီတော် အနောက်မုခ်လမ်းမြေ)က ငွေကျပ်၇၀၀၀၀၀၊ ဦးဘိုးရှိ-ဒေါ်မြင့်မြင့်စိန် မိသားစုက ငွေကျပ်၆၀၀၀၀၀၊ နန်ဦးဆရာတော် ဦးနာရဒ၊ ဦးငွေစိုး၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်နွယ်နွယ်ဝင်း မောင်နှမတစ်စုက ငွေကျပ်၆၀၀၀၀၀၊ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် မိသားစုက ငွေကျပ် ၅၅၃၅၀၀၊ ဦးတင်အောင်- ဒေါ်စန်း မိသားစုက ငွေကျပ် ၅၁၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါးမိသားစုက ငွေကျပ် ၅၀၀၀၉၀၊ ဦးမြင့်ဇော်မိသားစု(ရွှေစေတီတော်အနောက်မုခ်လမ်းမြေ)က ငွေကျပ်၅၀၀၀၀၀၊ ဦးအောင်မိုးကျော်-ဒေါ်စောရှင် (Grand Royal ဝိစကီ)က ငွေကျပ်၅၀၀၀၀၀၊ ဦးအောင်ဝင်း (MD) T.W.J. S ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၉၀၇၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က လက်ခံကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ ဝိဇိတာရုံဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မဟာမင်္ဂလာအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဌာပနာတော်၊ ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တင်လှူပူဇော်ခွင့်ပြုပါရန် ပန်ကြားလျှောက်ထားသည်။

ဆက်လက်၍ မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပွဲအစီစဉ်ကို ကျင်းပသည်။

လှည့်လည်ပူဇော်ခံ

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များနှင့် ဌာပနာတော်များကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဝင် ပညာရှင်များက မင်္ဂလာစည်တော်သံ၊ ရတု၊ တေးထပ်များဖြင့် သီဆိုပူဇော်ကြသည်။

အစီအစဉ်အရ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက မဟာသဒ္ဓမ္မရံသီရွှေစေတီတော်၌ တင်လှူပူဇော်မည့် ရွှေစေတီတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ကုသိုလ်ဖြစ် တိံကြား ထီးတော်တင်အဖွဲ့ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထို့အတူ ဥပါသကာများက ဌာပနာတော်များကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ဌာပနာပစ္စည်းများထည့်သွင်း

မင်္ဂလာအခါတော်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလယ်ဌာပနာတိုက်၏ ပင်မဌာပနာတိုက်မှ အစပြု၍ ဌာပနာတိုက်ကိုးတိုက်၌ လည်းကောင်း၊ အထက်ဌာပနာတိုက် လေးတိုက်တို့၌ လည်းကောင်း ဌာပနာပစ္စည်းများကို ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူခြင်းအစီအစဉ်ကို ကျင်းပသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်က ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီး တိံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

သီဆိုပူဇော်

ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်အောင်မင်း၊ ပန်တျာကြည်လင်၊ မောင်နန်းဝင်းနှင့် သဘင်ပညာရှင်များက ရတုပိုဒ်စုံတေးထပ်တို့ဖြင့် သီဆိုပူဇော်ကြသည်။

ယင်းနောက် ဥပါသကာများက စေတီတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။ ယင်းနောက် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ရောင်တော်ဖွင့်ပူဇော်သည်။

ရွှေကြာသင်္ကန်းဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေစေတီတော်မြတ်ကြီးအား သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတဓရ တိံကြားဦးသန်းလှက ဆုတောင်းပတ္ထနာပြု၍ အမျှပေးဝေသည်။

မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒေါ်ကြိုင်ကြိုင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

အနေကဇာတင်

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆီးချိုနှင့်နှလုံးရောဂါဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

USV Limited က စီစဉ်ကျင်းပသော ဆီးချိုနှင့်နှလုံးရောဂါဆိုင်ရာ ဆွေးနွေးပွဲ (Symposium on Diabetes & Cardiology)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဆရာဝန်ကြီးများ၊ ဆီးချိုနှင့် နှလုံးရောဂါ အထူးကုသမားတော်ကြီးများ၊ USV Limited ဌာနေရုံးမှ တာဝန်ရှိသူများ၊ အထွေထွေရောဂါကု ဆရာဝန်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲပထမပိုင်းဆီးချိုရောဂါဆိုင်ရာ လက်ရှိနှင့် နောက်ဆုံးတွေ့ရှိချက်များအပေါ် ပေါင်းကူးဆက်စပ်ပေးခြင်း ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနမှပါမောက္ခ ဒေါက်တာဒေါ်ခင်ရီမြင့်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Mumbai မြို့ Grant Medical College ဆေးပညာဌာန တွဲဖက်ပါမောက္ခ Dr. Shashank Joshi က ဘီတာဆဲလ်သက်တမ်း ကြာရှည်ထိန်းသိမ်းခြင်း (Beta Cell Pre servation)ကို အဓိကဦးတည်လျက် ဆာလ်ဖိုနိုင်ယူရီယားအကြောင်း ထပ်မံဆွေးနွေးတင်ပြခြင်း (Sulphonyl Ureas Revisited)ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနေဝင်းက Thiazoli dine dones ကို အဓိကထား၍ ဆီးချို၊ သွေးချိုရောဂါ၏ အကောင်းဆုံးကုထုံး (A Novel Approach in the Management of Diabetes.) ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြရာ တက်ရောက်လာကြသော သမားတော်ကြီးများနှင့် ဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

အမှာစကားပြောကြား

ဆွေးနွေးပွဲ ဒုတိယပိုင်း နှလုံးရောဂါဆိုင်ရာ လက်ရှိနှင့် နောက်ဆုံးတွေ့ရှိချက်များအပေါ် ပေါင်းကူးပေးခြင်းဆွေးနွေးပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မေစန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာန အတိုင်ပင်ခံ နှလုံးရောဂါကုပါရဂူ ဒေါက်တာတင်လတ်က နှလုံးသွေးခဲပျော်ဆေးများ (Anti - Platelets) ကို အဓိကထား၍ နှလုံးသွေးကြောကျဉ်းရောဂါကုထုံးနှင့် ပတ်သက်၍ နောက်ဆုံးပေါ် သုံးသပ်ချက်များ (Newer Perspective in the Management of Unstable Angina) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Interventional Cardiology & Cardiac Electro Physiology Batra Hospital & Medical Research Center မှ ညွှန်ကြားရေးမှူး Dr. Upendra Kaul က အာရှလူဦးရေဆိုင်ရာ သုံးသပ်ချက်များ (An Asian Perspective) ကို အဓိကထား၍ နှလုံးရောဂါဖြစ်နိုင်မှုများသော လူနာများအတွက် ကာကွယ်ရန်နည်းလမ်း (Prevention Strategy in High Risk Patients) ခေါင်းစဉ်ဖြင့်လည်းကောင်းအသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသော သမားတော်ကြီးများနှင့် ဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီးသက်ဆိုင်ရာဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

USV Limited က စီစဉ်ကျင်းပသော ဆီးချိုနှင့်နှလုံးရောဂါဆိုင်ရာ (Symposium on Diabetes & Cardiology) ဆွေးနွေးပွဲတွင် သဘာပတိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆေးပညာဌာနမှပါမောက္ခ ဒေါက်တာဒေါ်ခင်ရီမြင့်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဆုရရှိသောအသင်းများအား ဆုများချီးမြှင့်စဉ်။

(သတင်းစဉ်)

✧ **အမျိုးသားကျန်းမာရေးမှ** တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားသည်။

ဂါရဝလက်ဆောင်ပေးအပ်

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံအထိမ်းအမှတ်ဂါရဝလက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ပြည်နယ်အလိုက် ပထမဆုရ ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပူးတွဲတတိယဆုရ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့နှင့် တိုင်းအလိုက် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရမန္တလေးတိုင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အကောင်းဆုံးစာတမ်း ပထမဆုရ ရခိုင်ပြည်နယ်၊ ဒုတိယဆုရ ရန်ကုန်တိုင်း၊ တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆုများရရှိကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ညီလာခံ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် မေတ္တာဖြင့်သီဆိုဖျော်ဖြေကူညီကြသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ဧည့်သည်တော်များအား ညီလာခံအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဆုရရှိသောအသင်းများအား ဆုများချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၄-၂၀၀၄

(တနင်္လာနေ့)

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်

(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ ရုပ်သေးပြိုင်ပွဲ
- ၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၅၀ ၉။ ဒါးကတံတား(ဧရာဝတီတိုင်း)
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၁၀ ၁၁။ ဖွံ့ဖြိုးသာယာမင်းကုန်းကျေးရွာ
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၂၆)**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

သဗ္ဗညုပုထိုးတော်ကြီးတည်ထားမှု ရွှေထီးတော်တင်လှူပူဇော်နိုင်သည့်အဆင့် ရောက်ရှိ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် အောင်အောင်မြင်မြင်တင်လှူနိုင်ရေး ကြိုတင်ပြင်ဆင်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ အောင်မြင်ချောမွေ့စွာ တင်လှူပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး မြေညီထပ်၌ကျင်းပရာ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ အောင်မြင်ချောမွေ့စွာ တင်လှူပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီ နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် သဗ္ဗညုပုထိုးတော်ကြီး တည်ထားမှုလုပ်ငန်းမှာ ကြီးမားသည့်လုပ်ငန်းကြီးဖြစ်သော်လည်း ကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ရွှေထီးတော်တင်လှူပူဇော်နိုင်သည့်အဆင့်သို့ ရောက်ရှိပြီးစီးနေပြီဖြစ်ကြောင်း။

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် အောင်အောင်မြင်မြင် တင်လှူပူဇော်နိုင်ရေးအတွက်ကိုလည်း လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း။

ပုထိုးတော်ကြီးမှာ ဉာဏ်တော်မြင့်မားသည့်အလျောက် ရွှေထီးတော် တင်လှူပူဇော်ရာတွင် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ကြိုတင်ပြင်ဆင်ထားနိုင်ရေးအတွက် ကော်မတီအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရန် ပြောကြားသည်။

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲ အခမ်းအနားအတွက် ဆပ်ကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်လျက် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ၊ ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဧပြီ ၂၈ရက်တွင် ပြီးပြတ်အောင် ဆောင်ရွက်ထားရှိမည့် အစီအစဉ်၊ ရွှေထီးတော်တင်လှူပွဲ အစမ်းလေ့ကျင့်မှုအစီအစဉ်၊ ဘဏ္ဍာရေးအခြေအနေနှင့် ဆပ်ကော်မတီများက ကြိုတင်ဆောင်ရွက်မှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ရေး ဆပ်ကော်မတီများဖြစ်ကြသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ထီးတော်တင်လှူရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားတွင် ဓမ္မပူဇာတေး၊ မြန်မာ့ဆိုင်းဝိုင်းကြီး၊ မင်္ဂလာစည်တော်နှင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်းရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရွှေသက်န်းဆက်ကပ်လှူဒါန်း

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဗ္ဗညုပုထိုးတော်ကြီး တတိယထပ်တွင် ကိန်းဝပ်စံပယ်တော်မူသော စည်သူပန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာများ ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီ နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော စည်သူပန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီးအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုပြီး ရွှေထီးတော်တင်လှူမည့် ရထားပျံဆိုင်းကြိုးနှင့် တင်လှူမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ ညနေ၅နာရီ၄၅မိနစ်တွင် သဗ္ဗညုပုထိုးတော်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၄၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတကာသတင်းဂျာနယ်အမှတ် (၄၄၇)ကို ယနေ့ (ဧပြီ ၂၆ရက်)တွင် စတင်ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခု ရက်သတ္တပတ်ထုတ်တွင် အီရတ်စစ်ပွဲမှ မဟာမိတ်များကို အကြမ်းဖက်တိုက်ရန် ခြိမ်းခြောက်မှု၊ ဇင်ဘာဘွေနိုင်ငံအကြောင်း သိကောင်းစရာ၊ ဂွါတာနာမို အကျဉ်းသား ၆၀၀ တရားစီရင်ရေးပြဿနာ၊ အီရတ်မှ တပ်ဖွဲ့ရုပ်ပေးခြင်းဖြင့် အမေရိကန်တို့ ကျေးဇူးရှိနိုင်၊ အစ္စရေးအခြေချ ရပ်ကွက်အချို့ ဖယ်ရှားပေးမည်၊ အင်တာနက်စာေရများကို ဖမ်းဆီးခြင်း၊ ဆားစ်ရောဂါ တစ်ကျော့ပြန်မလာရေး ကာကွယ်မည်၊ ပူးတွဲအာကာသခရီး၊ နိုင်ငံတကာဟာသ၊ လူအမြောက်အမြား သေဆုံးရသည့် မီးရထားမတော်တဆဖြစ်မှု၊ ဒိုင်ယာနာပုံများ ထုတ်လွှင့်မှု မိသားစုဝင်များ ဒေါသထွက်၊ ဟားမားစ်ခေါင်းဆောင် လုပ်ကြံခံရမှုစသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

Apple Cosmetic (၁၀)နှစ်ပြည့် အထူးကံစမ်းမဲဖွင့်ပွဲနှင့် Vilas Beauty Salon (၁၀)နှစ်ပြည့်အထိမ်းအမှတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

Apple International Co., Ltd. က ကြီးမှူးကျင်းပသည့် Apple Cosmetic (၁၀)နှစ်ပြည့် အထူးကံစမ်းမဲဖွင့်ပွဲနှင့် Vilas Beauty Salon (၁၀)နှစ်ပြည့်အထိမ်းအမှတ်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ လပြည့်ဝန်းပလာဇာ၌ ကျင်းပရာ ရှေးဦးစွာ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာဦးမြင့်စိုးက Apple International Co,. Ltd. ကိုယ်စား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အထက်မြန်မာပြည် ရောင်းအား အထူးဆုရ စက်လှေကားအလှကုန်ဆိုင်နှင့် ရန်ကုန်ရောင်းအား အကောင်းဆုံး ပထမဆုရ အလှကမ္ဘာအလှကုန်ဆိုင်တို့အား Apple International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်ညွန့်ကလည်းကောင်း၊ ရန်ကုန် ရောင်းအားအကောင်းဆုံး ဒုတိယဆုရ တောင်တွင်းကြီးအလှကုန်ဆိုင်၊ ပူးတွဲဒုတိယဆုရ ပွင့်အလှကုန်ဆိုင်နှင့် စတုတ္ထဆုရ Venus အလှကုန်ဆိုင်တို့အား Apple International Co., Ltd. မှ ဒါရိုက်တာဒေါ်လီလီကလည်းကောင်း ရွှေဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များနှင့် Apple အလှ စာမျက်နှာဆုရ လှပျိုဖြူလေးများက ဝယ်ယူအားပေးသုံးစွဲကြသူများ၏ ကံစမ်းမဲများကို ရွေးချယ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

Apple International Co., Ltd. က ကြီးမှူးကျင်းပသည့် Apple Cosmetic(၁၀)နှစ်ပြည့် အထူးကံစမ်းမဲ ဖွင့်ပွဲအခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်ညွန့်က ရောင်းအားအကောင်းဆုံးဆုရရှိသူအား ရွှေဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးတင်စိုး(သာဂဒိုး)၊ အဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက် ခင်အောင်)နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက် ခင်အောင်)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကား ပြောကြား၍ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးသန်းထွန်း (သီဟ–ဇရာဝတီ)က ဖတ်ကြားတင်ပြ၍ လွန်ခဲ့သော နှစ်ပတ်လည် အစည်းအဝေးမှတ်တမ်းကို အမှုဆောင် ဦးစန်းမြင့် (ရေကျော်စိုးအောင်)က ဖတ်ကြားတင်ပြရာ အစည်းအဝေးမှ ဆွေးနွေးအတည်ပြု၍ အတည်ပြုကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၂၃)

မီးဘေးရှောင် မလောင်ခင်တား

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်၌ တည်ဆောက်ရေး လုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက်ထုတ်လွှင့်မည့်အစီအစဉ်
၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)

Day -3

စဉ်	အချိန်	ပို့ချမည့် အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက်၉း၀၀မှ ၉း၁၀	သင်တန်းတတိယနေ့နံနက်ပိုင်းလွှင့်ထုတ်မည့် အစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်	၁၀မိနစ်	
၂။	၉း၁၀မှ ၉း၄၀	–မြို့နယ်စာရင်းရုံးစစ်ဆေးမှုကိုအစီရင်ခံရာ အသေးအစိတ်ဆောင်ရွက်ချက်များ၊	၃၀မိနစ်	ဆေးသန်းထွန်းမြင့်
၃။	၉း၄၀မှ ၉း၄၅	ဖျော်ဖြေရေးအစီအစဉ်	၅မိနစ်	
၄။	၉း၄၅မှ၁၀း၁၅	–ပညာရေးမူဝါဒနှင့် အခြေခံပညာရေးရည်မှန်း ချက်များအပိုင်း(၁)	၃၀မိနစ်	ဦးသိုဝင်း၊ DG,DEPT
၅။	၁၀း၁၅ မှ ၁၀း၂၀	ဖျော်ဖြေရေးအစီအစဉ်	၅မိနစ်	
၆။	၁၀း၂၀ မှ ၁၀း၅၀	– ပညာရေးမူဝါဒနှင့်အခြေခံပညာရေးရည်မှန်း ချက်များအပိုင်း(၂)	၃၀မိနစ်	ဦးသိုဝင်း၊ DG,DEPT
၇။	၁၀း၅၀ မှ ၁၁း၀၀	–ဖျော်ဖြေရေးအစီအစဉ် ညနေပိုင်းထုတ်လွှင့်မည့် အစီအစဉ်	၁၀မိနစ်	
	၁၁း၀၀ မှ ၁၃း၀၀	နေ့လယ်စာစားချိန်		
၈။	၁၃း၀၀ မှ ၁၃း၂၅	–ပညာရေးစီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုများ	၂၅မိနစ်	ဦးထွန်းလှ DEPT
၉။	၁၃း၂၅ မှ ၁၃း၃၀	ဖျော်ဖြေရေးအစီအစဉ်	၅မိနစ်	
၁၀။	၁၃း၃၀ မှ ၁၄း၀၀	–နိုင်ငံ့ပိုင်စာအိမ်ပညာရေး	၃၀မိနစ်	ဦးတင်ညို DG,DBE(1)
၁၁။	၁၄း၀၀ မှ ၁၄း၀၅	ဖျော်ဖြေရေးအစီအစဉ်	၅မိနစ်	
၁၂။	၁၄း၀၅ မှ ၁၄း၄၅	–လူတိုင်းအတွက်ပညာရေး(EFA)	၄၀မိနစ်	ဦးတင်ညို DG,DBE(1)
၁၃။	၁၄း၄၅ မှ ၁၄း၅၀	ဖျော်ဖြေရေးအစီအစဉ်	၅မိနစ်	
၁၄။	၁၄း၅၀ မှ ၁၅း၁၅	–ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသောစီမံကိန်းများအပိုင်း(၁)	၂၅မိနစ်	ဦးထွန်းလှ DEPT
၁၅။	၁၅း၁၅ မှ ၁၅း၃၀	ဖျော်ဖြေရေးအစီအစဉ် နောက်တစ်နေ့ထုတ်လွှင့်မည့်အစီအစဉ်	၁၅မိနစ်	
၁၆။	၁၅း၃၀	တတိယနေ့အစီအစဉ်ပြီး		

☆ နိုင်ငံတော်မှ

Aeration Tanks၊ Pump Sump၊ Primary Sedimantation Tank Chlorination Tank၊ Dewatering House၊ RC Road၊ Main Mamhole၊ Culvert၊ Transformer၊ Power Station၊ Underground Cable လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု၊ ပစ္စည်းများ ရရှိစုဆောင်းထားမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်မှုများဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင် ကမ်းနားဒေသ ကမ်းနဖူးလမ်းသန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အစီအစဉ်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းအပိုင်း(၁)အနေဖြင့် ကားရပ်နားရန်နေရာအတွက် ကွန်ကရစ်လွှင်ပြင်တည်ဆောက်ခြင်း၊ လူသွားစင်္ကြံ ခင်းခြင်းလုပ်ငန်း၊ သံပိုက်လက်ရန်းတပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ လုပ်ငန်းအပိုင်း(၂) အနေဖြင့် ဆိပ်ကမ်းတာရိုးပြုပြင်ခြင်းနှင့် အလုကွက်ဖော်ခြင်း၊ ဆိပ်ကမ်းတာရိုး အသစ်ပြုလုပ်ခြင်း၊ High Mast မီးတိုင်စိုက်ထူခြင်း၊ သံကူကွန်ကရစ်ထိုင်ခုံ ပြုလုပ်ခြင်း၊အုန်းပင်စိုက်ပျိုးခြင်း၊ ပင်မရေမြောင်းတိုးချဲ့တည်ဆောက်ခြင်း၊ လမ်းနိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်း၊ လမ်းဘေးရေမြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများအမြန်ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်တထောင်ကမ်းနားဒေသ ကမ်းနဖူးလမ်းသန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဧပြီ ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့် ဦးတင်အောင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက် အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်း တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့လိုက်ပါလျက် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ယာဉ်လိုင်စင် (ဗီးတက်) နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ–မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၅–၄–၂၀၀၄)

မင်းဘူးမြို့ – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

မကွေးမြို့ – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

အောင်လံမြို့ – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

မှော်ဘီမြို့ – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

ဟင်္သာတမြို့ – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များ တိကျစွာလိုက်နာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက်နေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည် အရပ်ရပ်ရှိ ဒေသများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်များဖြင့် နေ့စဉ် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့မှ ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

တိကျစွာလိုက်နာ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်မြို့တော်ကြီးအား နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့တော်အတွင်း နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ ယာဉ်မောင်းများ အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ သတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကြီးရှိ လမ်းမကြီးများတွင် ယာဉ်မောင်းသူများ လိုက်နာရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပေး လမ်းညွှန်ဆိုင်းဘုတ်များ၊ အချက်ပြများနှင့် ဆေးရေး အမှတ်သားများ ညွှန်ပြထားသော်လည်း အချို့ယာဉ်မောင်းများက လိုက်နာရန်အားနည်းမှုကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း။

သို့ဖြစ်၍ တာဝန်ရှိသူ အဆင့်ဆင့်တို့မှ ရန်ကုန်မြို့တော်အတွင်း နေ့စဉ် သွားလာ မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များကို သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖောက်ဖျက်သည့် ယာဉ်မောင်းများအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ မြို့တော်အတွင်း ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းလာမှာဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် စာအောင်ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ်၏ (၂၉)ကြိမ်မြောက် ဩဝါဒခံယူပွဲ၊ နှစ်ပတ်လည်စည်းဝေးပွဲ၊ အဘိဓမ္မာ(သင်္ဂြိုဟ်/ဋီကာကျော်)နှင့် ဝိသုဒ္ဓိမဂ်စာအောင် ပုဂ္ဂိုလ်များအား ဆုနှင်းပွဲ၊ သက်ကြီးပူဇော်ပွဲများနှင့် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဖွဲ့ချုပ် ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ဧပြီ ၂၅ ရက်တွင် ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဘောက်ထော် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

မင်းဓမ္မကုန်းတော် ကဆုန်ညောင်ရေသွန်း အခမ်းအနား စည်ကားစွာကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် ကဆုန်လပြည့်နေ့ တတိယအကြိမ် မဟာဗောဓိညောင်ပင် ညောင်ရေသွန်း အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ မင်းဓမ္မကုန်းတော်ရှိ ဂေါပကရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ မြင့်ကြည်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်း၊ တိကြား ဦးသန်းလှ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မင်းဓမ္မကုန်းတော်၌ တတိယအကြိမ် မဟာဗောဓိညောင်ပင် ညောင်ရေသွန်းအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ်အတွင်း သန့်ရှင်းရေးဆောင်ရွက်မှု စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်က ပန်းဘဲတန်းမြို့နယ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှုပြီးနောက်ဗိုလ်ဆွန်ပက်အလယ်လမ်းသို့ရောက်ရှိလာပြီး လမ်းဘေးဝဲယာ လူသွားစင်္ကြံများ၌ ရောင်စုံကတ်တုံးများ ခင်းကျင်းပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

အမှတ်(၄)စစ်ဒေသမှူးအား လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကျပ်သိန်း ၇၀ အကုန်အကျခံ၍ လမ်းသူ၊ လမ်းသားများ ကိုယ့်အားကိုယ်ကိုး လူသွားစင်္ကြံများ ပြီးစီးနေမှုများကို စာရင်းဇယားနှင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ဒေသမှူးသည် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးငွေစိုးတို့ လိုက်ပါလျက် လူသွားစင်္ကြံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(၁၉)**

အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အမျိုးသမီးများ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

မိတ်ဆက်ပေး

အစီအစဉ်အရ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ ဆရာမများနှင့် မိတ်ဆက်ပေးသည်။ အဆိုပါ သင်တန်းမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြား ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အမျိုးသမီးများ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မင်းသက်မွန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှစ်ပတ်လည်ညီလာခံ ဒုတိယနေ့ ပြည်နယ်နှင့်တိုင်းအလိုက် စာတမ်းများ ဖတ်ကြားတင်သွင်း

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များ တက်ရောက်ကြသည်။

ညီလာခံတွင် နံနက်ပိုင်းသဘာပတိအဖြစ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက ဆောင်ရွက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် မွန်းလွဲပိုင်းသဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်စဉ်နှင့် စာတမ်းများအပေါ် ဖြည့်စွက်မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်စဉ်နှင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားသည်။

စာတမ်းများဖတ်ကြား

ထို့နောက် ပြည်နယ်နှင့်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီများက ပြည်နယ်နှင့်တိုင်းများအလိုက်စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က "ဘဝအလင်းအတွက် စမ်းရေစက်အကြင်နာဖြည့်စွက် မိခင်လက်" စာတမ်းကိုလည်းကောင်း၊ ကယားပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းက "ကယားပြည်နယ်လွိုင်ကော်မြို့အတွင်းရှိ မိခင်များ၏ ငှက်ဖျားရောဂါအကြောင်း သိရှိမှု အခြေအနေ လေ့လာခြင်း" စာတမ်းကိုလည်းကောင်း၊ ကရင်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က "နေညိုချိန်အပြုံးများ" စာတမ်းကိုလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက "ချင်းပြည်နယ် HIV/AIDS ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်လူငယ်လူရွယ်များ၏ ပါဝင်လှုပ်ရှားမှု" စာတမ်းကိုလည်းကောင်း၊စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာကျော်ရှိန်က "သားအိမ်ခေါင်းကင်ဆာစောစီးစွာရှာဖွေဖော်ထုတ်ခြင်း"စာတမ်းကို လည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆွေဝင်းက "ကိုယ်ဝန်ဆောင်မိခင်များ၏ ကိုယ်ဝန်ဆောင်မှုဆိုင်ရာ သိနားလည်ခံယူ ဆောင်ရွက်မှုလေ့လာခြင်း" စာတမ်းကိုလည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က "မြန်မာအမျိုးသမီးထုအတွင်းဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု အခြေခံအချက်အလက်များ ဖော်ထုတ်ရရှိမှု သုတေသန" စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ကျော်လှမြင့်က "မကွေးတိုင်း လူငယ်လူရွယ်များ၏ HIV/AIDS ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ ယုံကြည်မှု အန္တရာယ်ရှိသော အပြုအမူများနှင့် ရောဂါကာကွယ်ရေးအလေ့အကျင့်များ လေ့လာခြင်း" စာတမ်းကို လည်းကောင်း၊ မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းကျော်က "မွန်ပြည်နယ် မော်လမြိုင်မြို့ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လေ့လာချက်" စာတမ်းကိုလည်းကောင်း၊ ချင်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းဦးက "မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများ လုပ်ငန်းဆောင်ရွက်မှု လေ့လာသုံးသပ်ချက်"စာတမ်းကို လည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်အောင်ချိုက "ရခိုင်ပြည်နယ်မိခင်နှင့်ကလေး အသင်းဝင်များ၏ ကလေးများ ကျန်းမာရေးနှင့် ကလေးများ၏ ပတ်ဝန်းကျင် ဆက်စပ်မှုအား လေ့လာဆန်းစစ်ခြင်း"စာတမ်းကို လည်းကောင်း၊ ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က "လှိုင်သာယာမြို့နယ်အတွင်း မျိုးဆက်ပွား ကျန်းမာရေးတွင် အမျိုးသားများ၏ ပါဝင်မှုကို လေ့လာခြင်း" စာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်း

ထို့နောက်မွန်းလွဲပိုင်းအစီအစဉ်များကို ကျင်းပရာ ညီလာခံသဘာပတိအဖြစ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်သည်။

အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုင်းခမ်းလှိုင်က "မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၏ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သော အပြုအမူဆိုင်ရာလေ့လာဆန်းစစ်ချက်" စာတမ်းကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာညွန့်ဝင်းမြင့်က "ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ အထက်တန်း ကျောင်းသားကျောင်းသူများ၏ ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သိမြင်ယူဆပြုမူပုံကိုလေ့လာမှု" စာတမ်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က"ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးစွဲ လူနာများလျော့ကျရေးလုပ်ငန်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ" စာတမ်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းအောင်က "ညနေပန်းများမနွမ်းစေချင်" စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် သဘာပတိ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဖတ်ကြားတင်သွင်းကြသော စာတမ်းများနှင့် စပ်လျဉ်း၍လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညီလာခံဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

ညီလာခံကိုဧပြီ၂၆ရက်တွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် ကချင်ပြည်နယ်၏ စာတမ်းကို ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာဌေးအောင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် ကယားပြည်နယ်၏ စာတမ်းကို ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် စစ်ကိုင်းတိုင်း၏ စာတမ်းကို စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ရှိန်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် မကွေးတိုင်း၏ စာတမ်းကို မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်လှမြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် ရခိုင်ပြည်နယ်၏ စာတမ်းကို ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာခင်အောင်ချိုက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဒုတိယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏စာတမ်းကိုရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ညွန့်ဝင်းမြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ မေဓာဝီလမ်းမကြီး၊ အမှတ်(၂၁၈)နေ
(ဗိုလ်မှူးသိန်းဆိုင်)–ဒေါ်ကြည်ကြည်ဆိုင်တို့၏မြေး၊
ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး
ဒုတိယဗိုလ်မှူးကြီးတင်ထွန်း–ဒေါ်ခင်နွယ်အေးတို့၏သားကြီး

မောင်သီဟဝင်းမော်(ခ)ဘုန်းနိုင် B.Sc(Maths) Qualified

အေးငြိမ်းချမ်းသာမင်္ဂလာဝန်ဆောင်မှုလုပ်ငန်း၊ အေးငြိမ်းချမ်းသာထီဂေဟာ

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ စံပယ်လမ်း၊ အမှတ်(၆)နေ
ဦးကျော်ညွှန့်(မန်နေဂျင်းဒါရိုက်တာ–ပြည့်စုံညွှန့်ကုမ္ပဏီလီမိတက်နှင့် အဏ္ဏဝါရှစ်ပင်းကုမ္ပဏီလီမိတက်)–
ဒေါ်သန်းမြင့်တို့၏ သမီးငယ်

မစုနန္ဒာကျော်(ခ)ဝိုင်းဝိုင်း B.Sc(Maths), Diploma in Business Studies

ဒါရိုက်တာ–ပြည့်စုံညွှန့်ကုမ္ပဏီလီမိတက်

တို့၏ ၂၅-၄-၂၀၀၄ရက်နေ့တွင် Traders Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ၂၅-၄-၂၀၀၄ရက် နံနက်ပိုင်း Traders Hotel တွင် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်၊ မြန်မာ့ထုံးတမ်းအစဉ်အလာနှင့်အညီ မင်္ဂလာသြဝါဒ ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဝေလင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံ အလှဆင်ပြုပြင်ဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ သတို့သားအရံ မောင်မျိုးညွန့်ဦး၊ မောင်ဇော်လင်းထင်၊ သတို့သမီးအရံ မထွန်းစန္ဒာထွန်း၊ မငုံပွင့်မွှေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ခိုင်ထွန်း၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မလဲ့လဲ့ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မြန်မာ့အသံရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့၊ မြဝတီရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

မောင်သီဟဝင်းမော်–မစုနန္ဒာကျော်။

ပန်နာဆိုးနစ် အရောင်းမြှင့်တင်ပွဲ – ၂၀၀၄ ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ဂျပန်နိုင်ငံ Matsushita Electronic Industrial Ltd. နှင့် ဟန်မြန်မာအီလက်ထရွန်နစ်တို့ ပူးပေါင်း၍ Panasonic Summer Sales Promotion 2004 အရောင်းမြှင့်တင်ပွဲကို ဧပြီ ၂၄ ရက်က ရန်ကုန်မြို့ Traders Hotel တွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ဟန်မြန်မာအီလက်ထရွန်နစ်၏ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်**(အောက်ပုံ)**က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး Panasonic Summer Sales Promotion 2004 အရောင်းမြှင့်တင်ပွဲနှင့် ပတ်သက်သော အစီအစဉ်များနှင့် ချီးမြှင့်ပေးအပ်မည့် ဆုများအကြောင်းကို Matsushita Electronic Industrial Ltd. မှ Chief Representative ဦးကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသည်။ ယခုနှစ်အရောင်းမြှင့်တင်ရေးကာလမှာ ဧပြီ ၂၅ရက်မှ ဇွန် ၃၀ရက်အထိဖြစ်ပြီး အဆိုပါကာလအတွင်း ယနေ့နောက်ဆုံးပေါ်အဆင့်မြင့် Panasonic ရုပ်သံပစ္စည်းအမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည့်အပြင် ဝယ်ယူသူတိုင်းအတွက် သီးသန့်အဖိုးတန် မေတ္တာလက်ဆောင်ပစ္စည်းများလည်းပါဝင်သည်။ (က–ပ)

မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင်မပေါ့နှင့်

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် အာဆီယံအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မလေးရှားနိုင်ငံ ပီနန်မြို့၌ ဧပြီ ၂၂ရက်မှ ၂၃ရက်အထိ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Cheah Sam Kip၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးအောင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိန်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဖေသက်ထွန်းတို့လည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

Delta Combine Co., မှ ကုန်သွယ်ရေးလိုင်စင်အမှတ် (IL.1. 0304 17793 11-12-2003 နှင့် အရေးကြီးစာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးစိန်ဝင်း
၀၉-၈၀-၃၄၇၈၅၊၂၉၇၀၀၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စိုင်းအောင်မြင့် (၁၃/နခန (နိုင်) ၀၃၇၄၅၇)၏ နိုင်ငံကူးလက်မှတ် ၂၈၂၆၀၅မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပို့ပေးပါရန်။

စိုင်းအောင်မြင့်
အမှတ်(၁၁၅)၊ ကျွန်းရွှေမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်း။

လာရောက်လှူဒါန်း

ကမာရွတ်မြို့နယ် ရန်ကုန်အင်းစိန်လမ်း ခြံအမှတ်(၂၉)နေ ဦးမောင်မောင်–ဒေါ်ခင်ကြည် မိသားစုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်နေသည့် သုံးထပ်ဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို ဧပြီ ၂၁ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။ (က–ပ)

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မီးရထားရိပ်သာနေ
ဦးသန့်စင်မောင်(ဒု–အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)–
ဒေါက်တာဒေါ်ခင်သန်းအေး(စိုပြေအထူးကုဆေးခန်း)တို့၏သားကြီး

Dr. အာကာသန့်စင် [M.B.,B.S (YGN)]

နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ (၅၅၀)၊ အောက်မင်္ဂလာဒုံလမ်းနေ
(ဦးစိုးလွင်)(တိမ္မွေးကုဆရာဝန်)–
ဒေါ်ကျင်ထွေး(အောင်သပြေရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး)
တို့၏သမီးထွေး

မမိုးသန္တာစိုး [B.C. S.c(U.C.S.Y)]

တို့သည် ၂၄-၄-၂၀၀၄ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် Dr. အာကာသန့်စင်–မမိုးသန္တာစိုး။

KHiND ခင်ကမ္ဘာ
Electrical Home Appliances

အရည်အသွေးလဲယုံကြည်စိတ်ချပြီးသောဖြစ်၊ မယုံကြည်နိုင်သောဈေးနှုန်းလည်းဖြစ်

❖ SMART COOLING SENSOR နှင့် HIGH ENERGY SAVING ပါရှိပြီး COMPRESSOR (၂) နှစ် အာမခံဖြင့် အကောင်းဆုံး SPLIT TYPE AIRCON များကို အောက်ပါနေရာသီဈေးရောင်းပွဲတော်တွင် အထူးဈေးနှုန်းဖြင့် လက်လွတ်မခံ ဝယ်ယူနိုင်ပါသည်။

KACS-09 CR4 (1.0 HP) ၁ကောင် (ပုံမှန်ဈေး 200000)(ပွဲတော်ဈေး 175000)

KACS-12CR4 (1.5 HP) ၁ကောင်ခွဲ (ပုံမှန်ဈေး 234000)(ပွဲတော်ဈေး 210000)

❖ PROJECT, HOTEL, RESTARAUNT နှင့် လက်ကားဝယ်လိုသူများအတွက် အထူးနှုန်းများရှိပါသည်။

ရရှိနိုင်သောနေရာများ(ရန်ကုန်) ကျော်ထီလက်ထရောနစ် (ပန်းဆိုးတန်းလမ်း ဖုန်း– ၂၄၂၄၇၃)/ တိုင်းကျော်အောင်(ဗိုလ်အောင်ကျော်လမ်း ဖုန်း –၃၇၁၂၄၀)/ရှုပါပါပါ(ရွှေဂုံတိုင် ဖုန်း –၅၅၈၁၈၆)/ ယုဇနပလ္လာဇာ(ပထဝီဖုန်း– ၂၀၀၀၄၄ EXT- 2241)/NO.200 (ဆိပ်ကမ်းသာလမ်း ဖုန်း– ၂၄၂၂၈၉) (မန္တလေး) MK(ဖုန်း ၃၄၉၀၇၃) အပြင် အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

ShowRoom & Service Centre ☞ အမှတ်(၁၅၁)မြေညီ၊ ဆူးလေဘုရားလမ်း(အလယ်)၊ ဗဟိုမီးသတ်အနီး ၊ ရန်ကုန်မြို့၊ ☎: (01) 380475, (01) 240935, (01) 700904

ကွက်လပ်ဖြည့်ပါ နှင့် ... ၏ ကျေးဇူးတင်စကား

ကွက်လပ်ဖြည့်ပါ ဆုပေါင်းဆောင် မိတ်ဆွေများ ... ၂၅-၄-၂၀၀၄ နေ့တွင် (၃)နှစ် ပြည့်မြောက်ပြီး ... (၂)နှစ် ပြည့်မြောက်ပြီ ဖြစ်ပါသည်။ ... မိတ်ဆွေများ ... ကျေးဇူးတင်ကြောင်း ... "..." ... ပါသည်။

နှစ်သစ်တွင် အားလုံးပြုံးပျော်နိုင်ကြပါစေ။
... ဖုန်း–၂၅၄၇၃၃

မှိုင်းရှူးမြို့နယ် ကျောက်ချောလမ်းဖွင့်

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် မင်းရဲကျော်စွာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက်တွင် ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးထွန်းလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ကျေးလက်စိမ့်စမ်းရေ ပေးရေးဖွင့်

မိုးကောင်း ဧပြီ ၅

မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ ကျေးလက်စိမ့်စမ်းရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်တွင် ကုန်းတန်းကြီးကျေးရွာတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါ ကျေးလက်ရေပေးရေးလုပ်ငန်းကို ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်မှ ကျပ် ၄၆၈၆၉၀၀၊ ပြည်သူလူထု ထည့်ဝင်ငွေ ကျပ် ၂၅၀၀၀၀၀ဖြင့် ကျေးရွာအနောက်ဘက် ပေ ၇၂၀၀ အကွာ အဝေးရှိသော တောင်ခြေမှ စိမ့်စမ်းရေသွယ်စနစ်ဖြင့် ဆောင်ရွက်ထားပြီး တစ်နာရီလျှင် ဂါလန် ၂၅၀၀ ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မဟာသကြိန် တရားစခန်းအောင်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၀

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာခွဲ (မန္တလေး)၊ မဟာသကြိန် တရားစခန်း ကျင်းပပြီးစီးမှုအောင်ပွဲ အခမ်းအနားကို ဧပြီ၁၇ ရက် မွန်းတည့်၁၂ နာရီတွင် မန္တလေးတောင်ခြေ ဖားအောက်တောရကမ္မဋ္ဌာန်းကျောင်း၌ ကျင်းပရာ နာယကဆရာတော်ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသော သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီ ၇၀၀ ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အလှူရှင်များက သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမျိုးအောင်က ဘဏ္ဍာရေးအခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်စန်းရီက တရားစခန်းအောင်မြင်စွာ ကျင်းပပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နာယကဆရာတော်က ၁၃၆၆ ခု နှစ်သစ်မင်္ဂလာသြဝါဒကထာနှင့်ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်သည်။ **(၁၀၄)**

မြို့နယ်သတင်းများ

မြစ်ကြီးနားမြို့နယ် စည်ပင်ဝန်ထမ်းများ မြေသြဇာထုတ်လုပ်

မြစ်ကြီးနား ဧပြီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်ရှိ ပျိုးထုပ်များ၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာ ရှိ ပန်းအလှပင်၊ အရိပ်ရပင်များအားမြေသြဇာထည့်သွင်းပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများသည် အဖွဲ့ပိုင်အမှိုက်ကြိတ်စက်ဖြင့် စွန့်ပစ်အမှိုက်မှ မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းကို မတ် ၃၁ ရက်က ဒုဦးစီးမှူး (သန့်)က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။

(မြို့နယ်/စည်ပင်)

ရေအားလျှပ်စစ်စက်ရုံ ကျွန်းတောကျေးရွာ၌ဖွင့်

ကောလင်း ဧပြီ ၁၂

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကောလင်းမြို့နယ် ကျွန်းတောအုပ်စု ကျွန်းတောကျေးရွာ ရေအား လျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ စက်ရုံဝင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်လုပ်ငန်း မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

— ခလုတ်နှိပ်ဖွင့်လှစ် —

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌက စက်ရုံကို ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

— မီးပေးနိုင် —

ယခုအခါ ရေအားလျှပ်စစ်စက်ရုံမှ ကျွန်းတောကျေးရွာရှိ အိမ်ခြေ ၉၀ကို လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၂၁၄)**

နွေဦးအားမာန် စက်ချုပ်သင်တန်းဖွင့်

နွားထိုးကြီး ဧပြီ ၁၀

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသူလေးများ မိသားစုဝင်ငွေတိုးရေးအတွက် မြို့နယ်အမျိုးသမီးရေးရာဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးဖွင့်လှစ်သော နွေဦးအားမာန်စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်နွဲ့နွဲ့သန်းက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို တစ်လကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(၉၄)**

မွေးမြူရေးဘဏ်စနစ် ကြက်များပေးအပ် ကြက်ရောဂါအကြောင်း ပညာပေးဆွေးနွေး

ကန့်ဘလူ ဧပြီ ၁၅

ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေးဘဏ်စနစ် ကြက်များပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက်နံနက်က ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်စံပြကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ ရွှေဘိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာသန်းထိုက်၊ ကန့်ဘလူမြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းနှင့် ဒုဦးစီးမှူးများ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်သည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးတင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာသန်းထိုက်က ကြက်(၂)နှစ်ယူနစ် ပေးအပ်ရခြင်း အကြောင်းနှင့် ကြက်များတွင်ဖြစ်တတ်သည့် ကူးစက်ရောဂါများအကြောင်း ပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူရန် တိုင်းရင်းကြက်မျိုး(၂)နှစ်ယူနစ်ကို မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ဦးစီးမှူးတို့က ဆိပ်ဖူးမြောင်စံပြကျေးရွာဥက္ကဋ္ဌသို့ ပေးအပ်သည်။ ဆက်လက်၍ ကျေးရွာရှိ ကြက်များအား အပူဒဏ်ခံလည်လိမ်မျက်စဉ်းခတ်ခြင်း၊ ကြက်ဝမ်းကျရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်းသိရသည်။ **(၃၈၆)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက် ဈေးအရှေ့လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၂၆)

ကွမ်းလုံမြို့နယ် အရန်သားဖွားသင်တန်းဖွင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ရှင်း

ကွမ်းလုံ ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အရန်သားဖွားသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီက ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဝင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမျိုးထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဝင်းက အရန်သားဖွားသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ခြောက်လကြာမြင့်

သင်တန်းသို့ အရန်သားဖွားသင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **(၄၆၄)**

ဖဲကြိုးဖြတ်ဖွင့်

ကလောမြို့နယ် ရေချိုကျေးရွာအုပ်စု ထင်းရှူးကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်နှင့်လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(က-ပ)

ရဲမှူးချုပ်တင်ဝင်းနှင့်ဇနီးဒေါ်နီနီ မိသားစု လှူဒါန်းသည့် မြင်းခြံမြို့နယ် ဘုံရွာကျေးရွာစက်ရေတွင်း ဖွင့်ပွဲကို မတ် ၂၅ ရက်က မြင်းခြံမြို့နယ် ဘုံရွာကျေးရွာ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် အလှူရှင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၁၄)

မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ရေဦး ဧပြီ ၁၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေဦးရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၃ရက် နံနက် ၉နာရီက အထက(၁) ကံ့ကော်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ဥက္ကဋ္ဌများနှင့် မော်တော်ယာဉ်ပိုင်ရှင်၊ မော်တော်ဆိုင်ကယ် ပိုင်ရှင်များ တက်ရောက်ကြသည်။

ရေဦးခရိုင်ဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် တရားသူကြီး ဦးကျော်ကျော်မိုးက တရားရေးဆိုင်ရာများနှင့် လူမှောင်ခိုကူးမှု ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ဟောပြောဆွေးနွေးသည်။

ထို့နောက်ရဲအုပ်သစ်လွင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတာဝန်ခံ ရဲတပ်ကြပ် တင်မောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရေဦးရဲစခန်းမှူး ရဲအုပ်သန်းချိုက မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာကျင့်သုံးရေးကိုလည်းကောင်း အသီးသီး ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးကြိုချည်မျှင်ရှည်ဝါ ထွန်တုံးပိတ်ပွဲကျင်းပ

ပျော်ဘွယ် ဧပြီ ၁၅

ပျော်ဘွယ်မြို့နယ် ၂၀၀၄-၂၀၀၅ မိုးကြို ချည်မျှင်ရှည်ဝါထွန်တုံးပိတ်ပွဲ အခမ်းအနားကို မတ် ၂၉ ရက်က ကန်သာကျေးရွာ အုပ်စုကွင်းအမှတ် ၁၉၃၊ ဦးပိုင်အမှတ် ၁၆၀/၃ တောင်သူ ဦးဝင်းတိုး၏ စိုက်ခင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမြို့နယ်မန်နေဂျာဦးတင့်ခိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းရီနှင့် ကျေးရွာရှိ တောင်သူကြီးများ တက်ရောက်ကြသည်။

ပျော်ဘွယ်မြို့နယ်အနေဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ စုစုပေါင်းဧက ၇၄၅၂ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဧပြီ ၁၂ ရက်က ဧရာဝတီတိုင်းရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သည့် အိမ်တွင်းမှုပညာ လက်ကိုင်အိတ်ထိုးနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ပုသိမ်မြို့ တိုင်းရဲတပ်ဖွဲ့မှူးရုံး စာကြည့်တိုက်တွင်ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်ဒေါ်ညွှန့်ညွှန့်ရီက သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (၁၆၅)

မီးဘေး ကြိုတင်ကာကွယ်ရေး သတိပေး

မြစ်ငယ် ဧပြီ ၇

မန္တလေးတိုင်း အမရပူရ မြို့နယ် မြစ်ငယ် မြို့မအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ထွေး နှင့်အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဒေသ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူးဦးမြင့်သန်းနှင့် တပ်ဖွဲ့ဝင်များသည် မြစ်ငယ်မြို့ မြို့မ ရပ်ကွက်များအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် နေ့စဉ် အသံချဲ့စက်ဖြင့် သတိပေး လှည့်လည်လှုံ့ဆော်မှုများ ပြုလုပ်ကြသည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လှည့်လည်လှုံ့ဆော်ရာတွင် မီးသတိပေး ပိုစတာများ ကပ်ထားခြင်း၊ သတ်မှတ်ချိန်အတွင်း မီးသုံးစွဲပြီး မီးကွင်းမီးကျန်များကို စနစ်တကျ ငြိမ်းသတ်ရေး၊ ဖယောင်းတိုင်မီးများ ဂရုတစိုက်ထွန်းညှိရေး၊ လောင်စာဆီများ သိုလှောင်မထားရှိရေး၊ အိမ်တိုင်းတွင် အရေးပေါ် မီးချိတ်၊ မီးကတ်၊ ရေအိတ်နှင့် သဲအိတ်များ ထားရှိရေးတို့ကို လှည့်လည် သတိပေးနှိုးဆော်မှုများ ဆောင်ရွက်ကြကြောင်းသိရသည်။

(၄၃၃)

ဘုတလင် – မောင်းထောင် ရှစ်မိုင်ရှည်လမ်းအား ကျောက်ချောခင်း ဆောင်ရွက်ခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(၄၃၉)

အင်းတော် – နန့်ခင့်ချောင်းကူးတံတားဖွင့် တံတားဆောက်လုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်း

အင်းတော် ဧပြီ ၂၁

စစ်ကိုင်းတိုင်း အင်းတော်မြို့ အင်းတော် – နန့်ခင့်ချောင်းကူးကြိုးတံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက် နံနက်၉နာရီက အဆိုပါ တံတားမုခ်ဦးရှေ့တွင် ကျင်းပသည်။

အစီအစဉ်အရ အလှူရှင် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်မှ ဦးညွန့်အောင်၊ နန့်ခင့် ကျေးရွာဥက္ကဋ္ဌ ဦးရွှေရိုးနှင့် ရပ်မိရပ်ဖဦးချစ်ဆွေ တို့က အင်းတော်–နန့်ခင့် ချောင်းကူးကြိုး တံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးချစ်ဆွေက တံတားဆောက်လုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များက တံတားအား ဖြတ်သန်းကြည့်ရှုကြကြောင်း သိရသည်။ **(၂၃၃)**

ဂုဏာဝိသိဋ္ဌပူဇာပွဲကျင်းပမည်

တောင်သာ ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၄ခုနှစ် လွတ်လပ်ရေးနေ့တွင် ကြေညာချက် အမှတ် (၁/၂၀၀၄)ဖြင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မြင်းခြံမြို့ တန်ဆောင်းကြီးကျောင်းတိုက် ဓမ္မဒီပကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ (သာသနဓဇဓမ္မာစရိယ) မထေရ်အား တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ က တောင်သာမြို့နယ် တံတားကျေးရွာ၌ (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၈ရက်) ဧပြီ၂၆ရက် မွန်းလွဲ ၁နာရီ၌ ဂုဏာဝိသိဋ္ဌ ပူဇာမင်္ဂလာပွဲ သဘင်ဆင်ယင် ကျင်းပမည်ဖြစ်သည်။ **(က–ပ)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ချောင်းဆုံ ဧပြီ ၁၇

ချောင်းဆုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဧပြီ ၅ ရက်နှင့် ၆ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းက အမှာစကားပြောကြားပြီး သင်တန်းကို ပို့ချသည်။

ပို့ချ

ထို့နောက် သင်တန်းဆိုင်ရာဘာသာရပ် အသီးသီးကို သက်ဆိုင်ရာဌာနများက ပို့ချပြီး သင်တန်းသူ၊သင်တန်းသား ၅၀ဦးက ဆန်းစစ်ချက် ဖြေဆိုခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၂၀ဦးအား လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းကို ဆက်လက် ပို့ချခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ပေါက်မြို့နယ် ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံတွင် ပခုက္ကူခရိုင်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးလှရွှေနှင့် တာဝန်ခံအလုပ်ရုံခွဲမှူး ဦးသံလုံးတို့က လက်တွေ့မီးငြိမ်းသတ်ရေး ပညာပေးဟောပြောပြီး မီးသတ်ဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)



ကချင်ပြည်နယ် ဟိုပင်မြို့နယ် နွေရာသီ ရောင်စုံပန်းခင်း သင်တန်းဖွင့်

ဟိုပင် ဧပြီ ၁၉

ကချင်ပြည်နယ်ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော တတိယအကြိမ် ရောင်စုံပန်းခင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက် နံနက်က တေဇခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ခင်မာကြူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ရောင်စုံပန်းခင်းသင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ ပန်းချီ၊ ပတ္တလား၊ အင်္ဂလိပ်စကားပြော သင်တန်းများ ဖွင့်လှစ်ထားပြီး သင်တန်းကာလမှာ လကုန်အထိဖြစ်သည်။

အဆိုပါ သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၇၅၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သာယာအေးနှင့်ဟုတ်ဆိုင်ကြီး

ထော်ထင်လင်း

APRIL-30 MAY-15/27

Hotel Restaurant Aircon Express

5 % Discount

Ph-09-9324512, 09-5013933, 549505

☎ 373375 708342

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊
နောင်ချိုပြည်သူ့ဆေးရုံဝင်းနေ
ဦးသိန်းကြိုင်–ဒေါ်အုန်းသန်းတို့၏သားငယ်
မောင်ဝေဖြိုးအောင် B.E(Mechanical)
နှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း(၁)လမ်းနေ
(ဦးကျင်ရွှေ)–ဒေါ်အေးမြင့်တို့၏သမီးငယ်
မစန်းသော်တာရွှေ B.A(Geo:), ICT(Dip.)
တို့သည် ၁–၄–၂၀၀၄နေ့တွင် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်မောင်ဝေဖြိုးအောင်–မစန်းသော်တာရွှေ။

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကည္ဘတ်ကွင်းမြို့၊ ဈေးတောင်(၃)လမ်းနေ ဦးချင်ဖြောင်းဒေါ်ရဏ်းတို့၏
စတုတ္ထသား၊ မန္တလေးမြို့၊ (၁၅)လမ်း၊ ၈၁–၈၂လမ်းကြားနေ
မောင်စန်းဝင်း A.G.T.I, B.E (Electrical) နှင့်
ပျဉ်းမနားမြို့၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ်(၁၇၃)နေ
ဒေါက်တာမင်းညို–ဒေါက်တာစိမ်းစိမ်းမင်း
(မေခလာဆေးကုခန်း)တို့၏သမီးဦး
မမေသူမင်းညို B.A (English)
တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၂၅–၄–၂၀၀၄ (တနင်္ဂနွေနေ့)တွင် Traders Hotel ပုဂံခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်စန်းဝင်း–မမေသူမင်းညို။

GRACE TRAINING AND SERVICE CENTRE

26.4.04 11:00 1:00

☎ 707956

T.A.G Training Center

- Basic/Advanced Computer Course
- Game Programming Course
- Cartoon Animation Course

Ph : 661825

Express-008 Hotel Guest House

Ph: 371152, 371153, 376881

(၁၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင် အချစ်ဆုံးဖေဖေ **ဦးကိုကိုထွန်း**နှင့် အချစ်ဆုံးမေမေ **ဒေါ်သီတာစိုး**တို့၏ ၂၆–၄–၂၀၀၄နေ့တွင် ကျရောက်သည့် (၁၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုသို့တိုင်အောင် အချစ်ဆုံးသမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်နွှဲနိုင်ရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး–မသဲဆုဝေထွန်း (VIII အထက–၂၊ စမ်းချောင်း)
ချစ်သမီးငယ်–မခိုင်စုဝေထွန်း (K.G)

(၁၃)နှစ်မြောက်မွေးနေ့ဆုတောင်း

၂၆–၄–၂၀၀၄နေ့တွင်ကျရောက်သည့် အချစ်ဆုံးသမီးကြီး **မသဲဆုဝေထွန်း**၏ (၁၃)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–––။

အချစ်ဆုံးဖေဖေ – ဦးကိုကိုထွန်း
အချစ်ဆုံးမေမေ – ဒေါ်သီတာစိုး
အချစ်ဆုံးညီမလေး – ခိုင်စုဝေထွန်း။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သူငယ်ချင်း **မသူဇာတင်**၏ ၂၆–၄–၂၀၀၄ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင် အသက်ရှည်ကာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် လိုအင်ဆန္ဒပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သူငယ်ချင်းများ–
သားသား၊ ရဲထက်၊ နိုင်အောင်၊ ဇင်ဇင်၊ အေးပုံ၊ လပြည့်။

MCC

Hardware Engineer တစ်ယောက် ဖြစ်အောင်အခြေခံမှစ၍ သင်ကြားပေးမည်။

Hardware Engineering Training
(Opening Date: 28-4-2004)

Internet

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၁၇/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဧပြီလ ၂၀ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၂)စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အဖွဲ့အစည်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့	၅နေရာ
(ခ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	စက်မှုအင်ဂျင်နီယာဘွဲ့	၃၀နေရာ
(ဂ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	သတ္တုဗေဒအင်ဂျင်နီယာဘွဲ့	၅နေရာ
(ဃ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့	၅နေရာ
(င)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	ဓာတုအင်ဂျင်နီယာဘွဲ့	၂နေရာ
(စ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	မြို့ပြအင်ဂျင်နီယာဘွဲ့	၂နေရာ
(ဆ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	ဗိသုကာဘွဲ့	၁နေရာ
(ဇ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	ဝါဏိဇ္ဇဗေဒဘွဲ့	၁၀နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈–၅–၂၀၀၄နေ့တွင် အသက် (၃၅)နှစ်၊ (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၅–၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်–၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၅–၂၀၀၄နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂–၆–၂၀၀၄နေ့နှင့်၁၃–၆–၂၀၀၄နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။၁၀–၆–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



Presented by Selfwinds Services Co., Ltd.
teen magazine
19, May, 2004
ထွက်ပါပြီ

ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌ခန့်ထားရန်)

၁။ Carpenter(Modern Furniture) ကျား(၁၀)ဦး
၂။ Carpenter (Solid) ကျား(၁၀)ဦး
၃။ T.I.G Argon Welder ကျား(၁၀)ဦး

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း အခံထောက်အထားမိတ္တူ၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့် နေ့မှ (၁၄)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ လုပ်ငန်း အတွေ့အကြုံ ရှိသူကို ဦးစားပေးပါမည်။

အမှတ်(၆၆)၊ရွှေတိဂုံဘုရားလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ကားရောင်းမည်

1.Toyota Mark II ချ/––– လိုင်စင်ဝင်ပြီး။
2.Toyota KE 30 ချ/––– လိုင်စင်ဝင်ပြီး။
3.Toyota ဒိုင်နာ ဘ/––– ဒီဇယ် ၁၀၊
ဖုန်း–၂၄၉၀၂၉ (ရုံးချိန်) ၀၉–၅၀၀ ၅၈၀၂။

အိမ်စီးကားသန့်သန့် ရောင်းမည်
Toyota Cresta/ 90 Model/ Diesel Turbo Engine/ ၂ ဒ Super Lusent Grade
ဆက်သွယ်ရန်
Ph: 707373

NEWCAMPUS
CHILD CARE & LANGUAGE CENTRE

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၁၆/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဧပြီလ ၂၀ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများအလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)**ဦးစီးအရာရှိ** –	မြို့ပြအင်ဂျင်နီယာဘွဲ့	၃ နေရာ
(ခ)**ဦးစီးအရာရှိ** –	မဟာသိပ္ပံဘွဲ့(သင်္ချာ/ရူပဗေဒ/ဓာတုဗေဒ) (သို့မဟုတ်)မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်)(သို့မဟုတ်)တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး မြေတိုင်း အရာရှိ(၁)နှစ်သင်တန်း အောင်မြင်ပြီးသူ	၄ နေရာ
(ဂ)**ဦးစီးအရာရှိ** –	ကွန်ပျူတာသိပ္ပံဘွဲ့(သို့မဟုတ်) ကွန်ပျူတာနည်းပညာဘွဲ့	၅ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၈–၅–၂၀၀၄နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

(ဃ) ကျန်းမာရေးအထူးကောင်းမွန်၍မျက်စေ့အထူးကောင်းမွန်ပြီး Stereo-Scopic Vision စမ်းသပ်ခြင်းနှင့်(၁၀)မိုင် လမ်းလျှောက်စစ်ဆေးခြင်း အောင်မြင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၅–၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈–၅–၂၀၀၄နေ့အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂–၆–၂၀၀၄နေ့နှင့် ၁၃–၆–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၀–၆–၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ရွှေ ပဲခူး

Golden Hope Int'l Ltd.
☎ 202377, 703220

ROYAL ARROW
CAR RENTAL
211485, 212193

အမည်ပြောင်းခြင်း

ဦးလှသောင်း၏သမီးဒဂုံတက္ကသိုလ် တတိယနှစ်သတ္တဗေဒမှ မမြင့်မြင့်ကြူ [၁၂/မဂဒ(နိုင်)၁၀၈၉၉၄] အား မမေသဇင်လင်းဟု ပြောင်းလဲ ခေါ်ပါရန်။

မမေသဇင်လင်း။

အမည်ပြောင်း

ဦးတင်ဖေ–ဒေါ်အေးကြိုင်တို့၏ သား မောင်သံလုံး [၈/ဂဂန(နိုင်)၀၇၂ ၂၁၆]အား ကျောင်းဝင်မှတ်ပုံတင် ကတ်ပြားအရ မောင်ကျော်ကျော်လွင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်ကျော်ကျော်လွင်။**

Yan Aung

ဘုရား၊ ရဟန်း၊ ကျောင်းအမကြီး

ဒေါ်ဝိုင်း အသက်(၆၅)နှစ်

(ဦးလိုင်ကျင်ဖန်း–ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ (ဦးကျုံယုလင်)–ဒေါ်ဝမ်ရန်ကျင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်–၂၂၊ ရွာမကျောင်းလမ်းနေ ဦးကျော်ဝင်း(ကျော်ညွန့်နှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ဦးခင်ထွန်း–ဒေါ်ဘေဘီ၊ ဦးထွန်းမြင့်–ဒေါ်ကြည်ဝင်း၊ ဦးသောင်း–ဒေါ်ထွေးကြည်၊ ဦးကောက်–ဒေါ်မော်မော်တို့၏အစ်မ၊ ဦးလှဝင်း(ဆရာသွယ်)–ဒေါ်သင်းသင်းလှဲ့၊ ဦးကိုကိုနိုင်–ဒေါ်နီနီဝင်းတို့၏မိခင်၊ မချောသန္တာ၊ မသွယ်မှူးခင်၊ မသွယ်ဖူးဇင်၊ မသွယ်ချူးဇင်တို့၏အဘွားသည် ၂၂–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

SUPER
CAR RENTAL
Ph-249301, 0980 21801

Ruby ☎ 725317, 650023

TV, VIDEO
☎ 703852

ရွှေ ပဲခူး

- 227802, 227803, 222861
- 680012, 682350, 09-98-25111
- 226341

ELITE
Engineering Group
Programmable Logic Controls (P.L.C)

KMD
Computer Centre
Programmer
Higher Diploma in Software Engineering
Web Developer
Software Engineering in Database & e-Commerce
Programming Language
- Visual Basic Programming
- Java Programming
- C Programming
- Object Oriented System Development with C++
KMD (Saik Kan Thar): 55-57, 1st Fl., Ygn. Ph: 371855/ 249155/ 381035/ 381776

EFFECTIVE PRESENTATION SKILLS
ထိရောက်စွာ တင်ဆက်ပြောဆိုမှု သင်တန်း
(Thur & Fri 7:00-8:45 a.m.) 29/4/04
MENTOR BMC
Business & Management School

GCE သင်တန်း
GCE,TOEFL,IELTS,English Grammar class
Commencing Date : May 2004
☎ 212357,252821

(1, 13, 27 May)
(1 May)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး(၅၉)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်ဆွေစိုးသည် ၂၀–၄–၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

သံအမတ်ကြီးနှင့်သံရုံးမိသားစု မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

စောနေထွန်းဇင် (၅၂)နှစ်

B.E (E.P)

သူငယ်ချင်းစောနေထွန်းဇင် ၂၂–၄–၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်းနှင့် ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းပေးပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ရန်ကုန်စက်မှုတက္ကသိုလ်။

ဦးအောင်သန်း အသက်(၅၀)

စစ်မှုထမ်း(ငြိမ်း)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၈)ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်နေ(ဦးစိန်သန်း–ဒေါ်စိန်ဖြူ)တို့၏သား၊ (ဦးထွန်းလှိုင်–ဒေါ်နှင်းမြိုင်)တို့၏ သားသမက်၊ မအိအိအောင်(ဝဇီရာရုပ်ရှင်ရုံ)၏ဖခင်၊ ဒေါ်တင်ရီ(ရိုးမဘဏ်)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်သန်းသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်မျိုးဦး(ငြိမ်း) အသက်(၃၂)နှစ်

D.S.A (37)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ အမှတ်(၅၅၆)၊ပြည်ပန်းညိုလမ်းနေ ဒုအရာခံဗိုလ် ကြည်သိန်း(စစ်ထောက်ချုပ်ရုံး၊ ငြိမ်း)–ဒေါ်စန်းစန်းရီ (Shine Hope Co.,Ltd.)တို့၏သားကြီး၊ မမြတ်မြတ်စိုး (သာသနာရေးဝန်ကြီးဌာန)၏အစ်ကို ဗိုလ်ကြီးအောင်မျိုးဦးသည် ၂၀–၄–၂၀၀၄ (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။**

ဦးစန်းယု အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ ရာဇဓိရာဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေဦးသောင်းကြိုင် (တပ်မတော်–ရေ၊ ငြိမ်း)–(ဒေါ်ခင်ရွှေ)တို့၏သားကြီး၊ ကိုအောင်ကျော်ကျော်–မအေးအေးခိုင်၊ ကိုအောင်မော်–မစန်းစန်းမော်၊ မအေးအေးမော်၊ မောင်မျိုးမြင့်–မခင်စန်းဝင်းတို့၏အစ်ကိုကြီး၊ အခန်းအမှတ်(၄၉)၊ တိုက်အမှတ်(၁၂)၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်တင်တင်ချို၏ခင်ပွန်းသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

DREAM, ... ☎ - 540530

အမည်ပြောင်း

ပခုက္ကူမြို့၊ အလက(၃)၊ အဌမတန်း(ဂ)မှ ဦးမောင်မောင်သွင်၏သားဖြစ်သူ မောင်လွင်မိုးအောင်အား မောင်နေမျိုးသွင်ဟု ပြောင်းလဲခေါ်ပါရန်။

နေမျိုးသွင်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်သာထွန်း (မြောက်ဦး)ပညာရေးအငြိမ်းစား အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ငါးခြောက်ဈေးရပ်ကွက်နေ (ဦးဖိုးမောင်–ဒေါ်စိန်နု)တို့၏သားလတ်၊ ဒေါ်မသာနု၏ချစ်ခင်ပွန်း၊ ဦးကျော်ဇောလှ၏ညီ၊ ဦးအောင်ကျော်ဖုံ၊ ဦးကျော်မင်း၊ ဒေါ်မအေးကြိုင်၊ ဒေါ်မလှကြိုင် (ဦးမောင်ငွေကြိုင်)တို့၏အစ်ကို၊ ဦးမောင်ဦးကျော်(ထ/အုပ်)၊ ဒေါ်နုအေးခိုင်၊ ဒေါ်ခိုင်အေးလှ၊ ဦးကျော်စိန်(စစ်တွေ)၊ ဦးထွန်းဖြူ(စစ်တွေ)၊ ဒေါ်ဒါအေးခိုင်၊ ဒေါ်ဒါအေးမြ၊ ဦးဖြူချေ(တ၊ ဒဂုံ)၊ ဒေါ်မဖြူချေ၊ ဦးဘဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး (၁၉)ယောက်တို့၏အဘိုးရှင်သည် ၈–၄–၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၉–၄–၂၀၀၄ရက်တွင် မြောက်ဦးမြို့ မင်းသားကျွန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်ကြီးဝင်းသိန်း အသက်(၆၀)

တပ်မတော်(လေ)(ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး(စီမံ)
လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန

ပဲခူးမြို့နေ(ဦးအုန်းမောင်)–ဒေါ်ငွေးတို့၏သား၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၁၀)လမ်း၊ အမှတ်(၄၁၀)နေ ဒေါ်ခင်အေးရီ၏ခင်ပွန်း၊ ကိုကျော်သက်ဦး–မမင်းမင်းကြိုင်၊ ကိုဇော်ဝင်းနိုင်၊ ကိုဇော်ဝင်းထွန်းတို့၏ဖခင်၊ မသက်ထားဆွေ၊ မောင်သုတဇော်တို့၏အဘိုးသည် ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်းနှင့် ဈာပနကိစ္စအား အဘက်ဘက်မှ ကူညီပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လေကြောင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တယ်လီဖုန်းဖြင့် မေးမြန်းသူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ထွန်းရင် အသက်(၉၃)နှစ်

(ပုလော–ထားဝယ်)

ပုလောမြို့၊ (ဦးကြာသင်–ဒေါ်မြ)တို့၏သမီး၊ ကော့သောင်းမြို့(၁၀)မိုင်ရွာနေ (ဦးလှိုင်ရှီ)၏ဇနီး၊ (ဦးမြင့်လွင်)–ဒေါ်ရန်ကြည်၊ ဦးအောင်မျိုးဦး–ဒေါ်ခင်မျိုးသက်၊ ဦးခင်မောင်ညွန့်(စာရင်းစစ်ချုပ်ရုံး)–ဒေါ်ဝင်းကြူ၊ ဦးလှဝင်း–ဒေါ်မြမြလှဲ့၊ ဦးသန်းရှိန်–(ဒေါ်အေးအေးနွဲ့)တို့၏မိခင်၊ မြေး(၁၅)ယောက်၊ မြစ်(၁၆)ယောက်တို့၏အဘွားသည် ၁၉–၄–၂၀၀၄ရက်တွင် ဒဂုံမြို့သစ်မြောက်ပိုင်း(၃၇)ရပ်ကွက်အမှတ်(၇၃၈)စုပေါင်းရုံးလမ်းနေအိမ်၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက်တွင် ထားဝယ်ချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျောက်ဖြူမြို့နယ်အသင်း (ရန်ကုန်မြို့)

ဒေါ်ကြည်ကြည် (၇၄)နှစ်

အသင်းဝင်အမှတ်–၁၁၁၂
အစိုးရအထက်တန်း၊ ရက်ကန်းကျောင်း၊ ကျောင်းအုပ်၊ ငြိမ်း၊ စစ်တွေ၊ ရွှေတောင်

ကျောက်ဖြူမြို့၊ မြစ်ကြီးနားရပ်ကွက်နေ (ဦးဘထွန်း–ဒေါ်ကြိုင်ဖြူ)တို့၏သမီး၊ အမှတ်(၁)၊ (၄)လွှာ၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ကြည်ကြည်သည် ၂၂–၄–၂၀၀၄ရက်နေ့တွင် ကွယ်လွန်ပါ၍ ၂၄–၄–၂၀၀၄ (စနေနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအားအကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟဇ္ဇရသ်အလ္လာ မောင်လာနာဟာဘီ ဘွလ်ဘရှဲလ် (ခိုင်ရီ)

B.A, MM (DACCA)

ဆရာကြီး အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၃၂)နေ ဟဇ္ဇရသ်အလ္လာမာ မောင်လာနာဟာဘီဘွလ်ဘရှဲသ်(ခိုင်ရီ) ဆရာတော်ကြီးသည် ၁၅–၄–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၆–၄–၂၀၀၄ရက် ဂျူမာစ္စလာသ်အပြီး သန်လျင်မြို့နယ်၊ ငါးပါးသခင်ကဘရ်စတန်ဥယျာဉ်တော်၌ဒါဖွနာပြီးစီးပါကြောင်း။

ဈာပနဖြစ်မြောက်ရေးအဖွဲ့။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်စွမ်ကြိုး အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ်၂၆နေ ဖျာပုံမြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်နှင့် နှစ်စဉ်ဆရာကတော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့ အထက(၁)ဖျာပုံ၏ ဒု–ဥက္ကဋ္ဌ ဦးမြင့်ဦး၏မိခင် ဒေါ်စွမ်ကြိုးသည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပြီး ၂၄–၄–၂၀၀၄ရက် နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်မြမြစန်း အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၃၈)နေ (ဦးမြင့်စိုး၊ အငြိမ်းစား ဒုရဲမှူးကြီး အောက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းနိုင်ဦးစိုး–ဒေါ်အေးအေးမာ (M.Sc Bot ကထိက၊ မြစ်ကြီးနားကောလိပ်)၊ ဦးညီညီစိုး(B.Sc Zoo)၊ မသီတာစိုး(M.Sc Phy)တို့၏ ချစ်လှစွာသောမိခင်သည် ၂၁–၄–၂၀၀၄ ည၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၄–၂၀၀၄နေ့(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒုတပ်ကြပ် ကျော်မင်းစိုး တပ်မတော်(ရေ) အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၂၁၈)၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ ဦးသောင်းစိန် (တကကာ၊ ငြိမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)–(ဒေါ်ညို)တို့၏သား၊ ဦးတင်အောင်မိုး (စမ်းချောင်းရဲစခန်း)–ဒေါ်သင်းသင်းခိုင်၊ ဒေါ်ခင်လှမျိုး (လှိုင်ချိုဇင်ဓာတ်ဘော်လီ)တို့၏ ညီ၊ မောင်၊ ဦးအောင်မင်းစိုး (လက်ထောက်အင်ဂျင်နီယာ၊ လျှပ်စစ်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၏အစ်ကို၊ မခိုင်သဇင်မိုး၏ဦးလေးသည် ၂၇–၃–၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားပါ၍ ရောဝတီတိုင်း သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ သာပေါင်းမြို့နယ်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့် အသက်(၈၀)

St. John' 74 အဖွဲ့ဝင် ငယ်သူငယ်ချင်း အဲဝင်းကျော်မြင့်၏ဖခင် ဦးကျော်မြင့်သည် ၂၃–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

St. John' 74(အထက–၁၊ လမ်းမတော်/စိန့်ဂျွန်း) ငယ်သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲ ခြင်း

ဗိုလ်ဇော်ဇော်အောင်(၂၅)နှစ်

B.E.(Mech)

ဗိုလ်ဇော်ဇော်အောင် B.E.(Mech)သည် ၁၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

အရာရှိသူငယ်ချင်းများ။

ဦးခဲစိန် (၈၁)နှစ်

(ဝမ်းဘဲခေါက်ဆွဲစက်)

မုံရွာမြို့၊ သီတာလမ်း၊ လှည်းတန်းရပ်နေ ဒေါ်အမာ၏ ခင်ပွန်း၊ မုံရွာမြို့နေ ဦးရွှေတိုး–ဒေါ်ကြည်ကြည်ဝင်း (ဂျိုးဖြူ–စိန်ချိုး ခေါက်ဆွဲစက်)၊ ဦးအောင်မင်းစိန် (ကိုဖိုးရှမ်း)–ဒေါ်တင်လွမ်း၊ မန္တလေးမြို့နေ ကိုထွန်းထွန်းအေး(ကိုမိုးတာ)–မအရှမ်း၊ကိုထွန်းထွန်း–မသူဇာစိန်(မိကူ)၊ ကိုထွေးထွေး–မသန္တာစိန် (မိစိုး)တို့၏ဖခင်၊ မြေး၁၄ယောက်၊ မြစ် တစ်ယောက်၏ အဘိုးသည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂–၄–၂၀၀၄ရက် ညနေ ၃နာရီတွင် မုံရွာမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေး(ခ)လင်အိုက်ငေါ် အသက်(၇၈)နှစ်

(BOSS–အားကစားဝတ်စုံလုပ်ငန်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၁၁)လမ်း အမှတ်(၈၂)နေ (ဦးခင်လှိုင်)၏ ဇနီး၊ ဦးဝင်းကြိုင်–ဒေါ်ခင်ကျူ၊ (ဦးဝင်းကြည်)၊ ဦးဝင်းကြင်–ဒေါ်လွင်မာသင်း၊ ဦးဝင်းစိန်–ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းမောင်–ဒေါ်စိုးစိုးခိုင်တို့၏မိခင်၊မြေးခုနစ် ယောက်တို့၏အဘွားသည် ၂၅–၄–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သန်းညွန့်(၇၂)နှစ်

(ကျောက်တန်း)

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အမှတ်(၂၀)၊ မင်းကျောင်းလမ်းနေ (ဦးကျင်ထွန်း–ဒေါ်သန်းကြည်)တို့၏သမီး ဒေါ်သန်းညွန့်သည် ၂၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးခင်မောင်ဝင်းအသက်(၇၀)

(မြင်းခြံ)

မန္တလေးတိုင်း၊ မြင်းခြံမြို့၊ (၂)ရပ်ကွက်နေ (ဦးရှိန်–ဒေါ်ဖွားစိန်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးဘိုးခ–ဒေါ်ဒေါ်မ)တို့၏သားသမက်၊ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၁)လမ်း၊ အမှတ်(၄၅၈)နေ (ဒေါ်မြမေ)၏ ချစ်လှစွာသောခင်ပွန်း၊(ဦးလှဖေ)–ဒေါ်မြမြဝင်း (လပ်ကီးလက်ဖက်ရည်ဆိုင်)၊ (ဦးမြင့်တင်)–ဒေါ်ဝင်းဝင်းဆွေ (Soe & Brothers Co.,Ltd)၊ ဦးစိုးဝင်း–ဒေါ်တင်တင်အေး၊ ရဲတပ်ကြပ်ကြီးစိုးမင်း(နရခ)–ဒေါ်သက်ဝင်းမာ၊ မျိုးကိုကို၊ ကိုဇော်မောင်မောင်ထွေး–မလဲ့လဲ့ဝင်းတို့၏ ဖခင်၊ မြေး၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၃–၄–၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်အေး(ခ)ဒေါ်ကြက်မ အသက်(၅၇)နှစ်

(မြိတ်)

မြိတ်မြို့၊ တလိုင်းစုရပ်နှင့် ရန်ကုန်မြို့၊ အမှတ်(၈၉)၊ သိပ္ပံလမ်း၊ အလုံမြို့နယ်နေ ဦးယုစိုက်–(ဒေါ်ရှုတင်)တို့၏ သမီးကြီး၊ ဦးဝင်းဆွေ–ဒေါ်တင်ဝင်း၊ ဒေါ်တင်ရှု၊ ဦးအေးစိုက်–ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စန်းနီတို့၏အစ်မသည် ၂၄–၄–၂၀၀၄ရက်တွင် အကယ်ဒမီ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၈၉၊ သိပ္ပံလမ်း၊ အလုံနေအိမ်နှင့် မြိတ်အသင်းမှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစွန်တွီ(ခ)ဦးခွေးလေး အသက်(၉၃)နှစ်

(ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၁/က)၊ စဥ့်အိုးဘိုလမ်းနေ ဒေါ်လေတ္တား၏ခင်ပွန်း၊ ဦးကော့ဗီ–ထန်ဇေ့ရှင်း၊ ဦးဘသိန်း–ဒေါ်တင်တင်ဝင်း၊ ဦးစိုးသိန်း–ဒေါ်လှလှမြင့်၊ ဦးကုတ်ယုံ–ဒေါ်အေးအေး၊ ဦးအေးသိန်း–ဒေါ်မြင့်မြင့်ရီ၊ ဦးထွန်းဝေ–ဒေါ်နီနီ၊ ဦးကွန်တိတ်–ဒေါ်ကျင်သန်း၊ (ဦးမျိုးလွင်)–ဒေါ်ကျင်မြင့်၊ ဦးကျော်လင်း–ဒေါ်ရီရီမြင့်တို့၏ဖခင်၊ မြေး၂၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၂၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရန်ကုန်မြို့၊ လသာမြို့နယ် အမှတ်(၁၃၃)၊ (၄)ထပ်၊ (၂၄)လမ်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်ဝင်း (၇၂)နှစ်

မုံရွာမြို့နေ (ဦးဘိုးကြည်–ဒေါ်ရှို့ဝါ)တို့၏သား၊ မန္တလေးမြို့နေ ဦးပြေ–ဒေါ်ခင်ဝင်း၊ မုံရွာမြို့နေ (ဦးလျှောင်စိန်း)–ဒေါ်ကြင်မြိုင်၊ မန္တလေးမြို့နေ (ဦးကျောက်)–ဒေါ်ခင်တင့်တို့၏ မောင်၊ ဒေါ်ကင်အင်း၊ ဒေါ်အကြူးတို့၏အစ်ကို၊ ကိုအောင်ဇော်ခင်–မမြင့်မြင့်ဆွေ၊ ကိုမင်းလွင်–မနုနုလှိုင်၊ မတင်မာရီ၊ ကိုမျိုးဝင်း–မဝင်းဝင်းနိုင်၊ မခင်ဝင်းသစ်၊ မစမ်းစမ်း၊ ကိုမျိုးအောင်တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ (၈၆X၃၃)လမ်းထောင့်၊ ပဲလှော်ချောင်ရပ်နေ ဒေါ်ကျင်အေး၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၅–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်ဖုက္ကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုသက်ဦး (၃၈)နှစ်

မြေတိုင်းစာရေး(၃)
သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

ရန်ကုန်မြို့၊အမှတ်(၁၂၈)၊အာသောကလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးတင်ရွှေ)၊ ဦးလှမောင်–ဒေါ်လှရီတို့၏ သား၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၃၅)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးတောင်ပိုင်းနေ (ဦးကျော်သန်း)–ဒေါ်ခင်တင့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (ဈ–၃)၊ (၇)အရှေ့ရပ်ကွက်၊ စည်ပင်သာယာဝင်းနေ ဒေါ်မြင့်မြင့်ဝင်း(စာရင်းကိုင်–၃)၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ လမ်းမတော်မြို့နယ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဦးတင်ငွေ(ကားအပိုပစ္စည်း)၊ ဒေါ်လှလှဦး၊ မမာမာသက်တို့၏ မောင်၊ ကိုနွယ်ဦး–မမြတ်စုဝင်း၏ အစ်ကို၊ တူ၊တူမလေးယောက်တို့၏ ဦးလေးသည် ၂၄–၄–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၆–၄–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအုန်းဆိုင်(ခ)ကိုဟိန်းထက်ဇော် အသက် (၃၇)နှစ်

(တတိယနှစ်၊သမိုင်း)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၁၄)၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဦးမြအုန်း–ဒေါ်လှကြည်၊ ဦးမြအုန်း စာအုပ်ဆိုင်)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ အမှတ်(၂၅၁)၊ ၃၉လမ်းအထက်၊ (၆)လွှာနေမတင်တင်အုန်း၊ (ကိုအုန်းခိုင်)၊ မသန်းသန်းအုန်း(သဥ္ဇာဇော်စတိုး ဗိုလ်ချုပ်ဈေး)၊ ကိုအောင်စိုးမြင့်၊ ကိုအောင်ကျော်ခိုင်တို့၏ ချစ်လှစွာသော မောင်/ညီ/အစ်ကိုသည် ၂၅–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး အသည်းအထူးကုဌာန၌ ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်ဒါယိကာမကြီး

ဒေါ်ငွေရှင်(၆၅)နှစ်

မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ကျွန်းစု

ကျိုက္ခမီမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ–ဒေါ်အေးထိန်တို့၏ သမီးထွေး၊ ကျွန်းစုမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး–ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး–ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ရက်ည ၀၈း၃၀နာရီတွင် ကျွန်းစုမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကျွန်းစုမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော်(၆၂)နှစ်

(Sunny Yone Sein)

စိန်ပေါလ်ကျောင်းသားဟောင်းဥက္ကဋ္ဌ

ရွှေနဒီသမလုပ်ငန်းစု၊ (၁)ရပ်ကွက်ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၄)၊ အခန်း(၁၀)နေ (ဦးယုံစိန်–ဒေါ်စိန်ကြည်)တို့၏ သားကြီး၊ (ဒေါ်ခင်လှဋွေး)၏ခင်ပွန်း၊ ဦးကျော်ဖေယျ–ဒေါ်ခင်ပိုပို၊ ဦးဝင်းမြင့်–ဒေါ်နီနီစိန်၊ ဦးဝင်းဖေ–ဒေါ်ရီရီစိန်၊ ဦးကျော်သူရ–ဒေါ်စန္ဒာမြင့်၊ ဦးလှဆင့်–ဒေါ်ဖြူဖြူစိန်တို့၏အစ်ကိုကြီး၊ကိုကျော်ခိုင်ဦး (သူဋွေးကျွန်းဟိုတယ်၊ကော့သောင်း)၏ ဖခင်သည် ၂၃–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများနှင့် မိသားစု။

ဦးမျိုးညွန့် (၅၆)နှစ်

မုဒုံမြို့နေ (ဦးပါစိန်)၊ ဒေါ်ကျင်မြိုင်(ခ) ဒေါ်မဘီတို့၏ သား၊ မုဒုံမြို့နေ ဒေါ်လှထားရီ၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးတင်အေး–ဒေါ်ဝင်းနု၊ ရန်ကုန်မြို့၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်–ဒေါ်စန်းစန်းတို့၏ ညီ/မောင်၊ မုဒုံမြို့နေ ဦးကျော်လှိုင်–ဒေါ်ထွေးရီတို့၏ အစ်ကို၊ တောင်ကြီးမြို့နေ ဒေါက်တာမျိုးစည်သူ၊ မမိုးသီတာ၊ မော်လမြိုင်မြို့နေ ဒေါက်တာမျိုးကြည်ဖြူတို့၏ ဖခင်၊မြေးငါးယောက်တို့၏အဘိုး ဦးမျိုးညွန့် (သတ္တုတွင်းဦးစီးဌာန)သည် ၂၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၄–၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာ

ဦးမျိုးမြင့်(၅၃)နှစ်

ရေနံမီးသွေးချက်ဌာနမှူး၊ သန်လျင်ရေနံချက်စက်ရုံ

သန်လျင်မြို့နေ (ဦးသောင်းဟန်)–ဒေါ်ငြိမ်းခင်တို့၏ သား၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ဦးမြအုန်း–ဒေါ်ခင်ရီတို့၏ သားသမက်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၆၁၄)နေ ဒေါ်သန်းသန်းဝင်း၏ ခင်ပွန်း၊ မောင်အောင်မျိုးမင်း(သတင်းတပ်ဖွဲ့)၊ မောင်အောင်ပိုင်မျိုး–မဝင်းလဲ့ရည်တို့၏ ဖခင်၊ မရည်မွန်အောင်၏ အဘိုး ဦးမျိုးမြင့်သည် ၂၄–၄–၂၀၀၄ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေကန်၊သိမ် ဒါယိကာမကြီး

ဒေါ်လှကွန့်(၉၄)နှစ်

(ဘိုကလေး/ကျိုက်ပွိ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊သမိုင်းဘူတာရုံလမ်း၊အမှတ်(၉၅/စီ)နေ (ဦးခွေးရိုး–ဒေါ်ပိုး) တို့၏ သမီး၊(ဦးစိန်ဟုတ်)၏ဇနီး၊ (ဒေါက်တာသိန်းထွန်းကျော်)–ဒေါ်အေးစိန်(ဦးလှထွန်းမော်)–ဒေါ်မြစိန်၊ ဦးသန်းစိုး–ဒေါ်မြမြသန်း၊ ဦးကျော်စိုး–ဒေါက်တာဒေါ်နုနုယဉ်၊ ဒေါက်တာကောင်းညွန့်–ဒေါ်မို့မို့စံတို့၏ မိခင်ကြီး၊ မြေး ၁၃ယောက်တို့၏ အဘွား၊မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ၂၅–၄–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၆–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး

ဦးအုံးကျင်(၇၃)နှစ်

(လှည်းကူး)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နေ (ဦးစံအေး–ဒေါ်နှင်း)တို့၏ သား၊(ဒေါ်ခင်မှီ)၏ ခင်ပွန်း၊(ဦးစိန်အိ)–ဒေါ်လှကြည်၊(ဦးငြိမ်း–ဒေါ်စံ)တို့၏ ညီ/မောင်၊ ဦးစိန်ကီး–ဒေါ်တင်ရီ၊ ဒုတိယဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)–ဒေါ်စီစီ၊ ဦးသန်းမြင့်(Chief Engineer G. WING Co;)–ဒေါ်ညိုညို၊ ဦးအေးကြိုင်–ဒေါ်ခင်အေးကြူတို့၏ အစ်ကို၊ ကိုနီနီ–မမြင့်မြင့်စန်းတို့၏ ဖခင်သည် ၂၅–၄–၂၀၀၄ရက်တွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံ၌ ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄ရက်မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကြည်ဝင်းသိန်း(၄၃)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အမှတ်(၁၆/၁၀)၊ သုခလမ်းနေ (ဦးတင်သိန်း)–ဒေါ်ခင်သန်းတို့၏ သား၊(ဦးကြာအောင်)–ဒေါ်ဖြူတို့၏ သားသမက်၊ ဒေါ်အမာကြူ၏ ခင်ပွန်း၊ အရာခံဗိုလ်စိုးသန်း–ဒေါ်အေးအေးကြိုင်တို့၏ ညီ/မောင်၊ ဦးလှမော်–ဒေါ်လှိုင်လှိုင်တင်၊ဦးဝင်းအောင်၊ ဒေါ်မော်မော်စန်း၊ ဒေါ်ခင်စန်းအေး၊ ဦးစန်းမြင့်၊ ဒေါ်ခင်စန်းထွေးတို့၏ အစ်ကို၊ မောင်နေဝင်းသိမ်း၊ မမျိုးမြတ်မြတ်သိမ်း၊ မစုမြတ်ကြည်တို့၏ဖခင်သည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ပေါက်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသန်းထွန်း(ငြိမ်း) အသက်(၆၇)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုဘဏ်

(ချောင်းဦး)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း(၂)ရပ်ကွက်၊ တိုက်(၂၆၇)၊ အခန်း(၁၂)နေ (ဦးဘအုန်း)–ဒေါ်ဋွေးတို့၏ သား၊ (ဦးသန်းမောင်–ဒေါ်တင်တင်ညို)တို့၏သားသမက်၊ ဦးသောင်းညွန့် (ကျောင်းဆရာ–ငြိမ်း)–ဒေါ်စောကြိုင်၊ ဦးသန်းနိုင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ မန္တလေး၊ငြိမ်း)–ဒေါ်ဝင်းမြတို့၏ညီ၊ ဒေါ်ခင်ခင်သန်း၏ခင်ပွန်း၊ ကိုနေဝင်းမောင်(Eastwind)–မကလျာမြင့်၊ ဒေါက်တာခင်နေနွယ်ထွန်း(YMC)၊ ဒေါက်တာမင်းနွယ်ထွန်း (AMI)–မသူဇာထွန်း(UCSY)၊ အောင်ကျော်မင်း (B.E,Civil)၊ကျော်သန်းထွန်း(B. Tech. EP)၊ ဗိုလ်လောင်းတိုးသန်းထွန်း (DSMA)တို့၏ဖခင်၊ မလင်းလင်းလက်နှင့် မောင်ချမ်းသာတို့၏အဘိုးသည် ၂၅–၄–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၇–၄–၂၀၀၄(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှမြ (၅၉)နှစ်

(ပြည်သူ့ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ ငွေစာရင်းဌာန)

ပစ္စည်းထိန်း(၄)၊ အနောက်ပိုင်းခရိုင်

ရန်ကုန်မြို့ အမှတ်–၂၄၃၊ တတိယထပ်၊ (၃၅)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ (ဦးမြမောင်–ဒေါ်လှကြည်)၊ (ဦးသောင်းမြင့်– ဒေါ်ခင်လေး)တို့၏ သမီး၊ (ဦးဆောင်ဆန်း၊ဦးစီးမှူး)၏ဇနီး၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးစိုးညွန့်(လင်းနို့ဆီ)–ဒေါ်ခင်ညို၊ ဦးတင်အောင်–ဒေါ်ခင်လှသွင်တို့၏ ညီမ၊ ဦးအောင်ကျော်မြ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်မြင့်မြင့်ဋွေး၊ (ဦးထွန်းရှိန်–ဒေါ်ခင်စန်းမြ)၊ ဦးစိန်မော်–ဒေါ်တင်တင်အုန်း၊ ဒေါ်ခင်မာစူး(အထက–၂၊ လမ်းမတော်)တို့၏အစ်မ၊ မနီလာအောင်(အာရှနေဘဏ်)၊ မောင်နေလင်းဦး(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)– မမာလာထွန်း (အာရှနေဘဏ်)၊ မဇာဇာသိမ့်(ဆေးဘက်ပညာသည်တက္ကသိုလ်– မန္တလေး)၏အဒေါ်၊တူတူမ၁၄ယောက်တို့၏အဒေါ် ဒေါ်ခင်လှမြသည် ၂၄–၄–၂၀၀၄ (စနေနေ့) နံနက်၄း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု။

ဦးချန်ကာဘော(ခရမ်း) အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊အမှတ် ၁၅၁(B)၊မြေညီထပ်နေ (ဦးချန်ကောင်းဝန်း–ဒေါ်ပူးဝါး) တို့၏ သား၊ ဒေါ်ကီး(ခ)တန်ကျင်ကီး၏ခင်ပွန်း၊ (ဦးလှမောင်)–ဒေါ်ရွယ်ဂျီ၊ ဒေါ်ခင်ဝင်း၊ ဦးဖေခင်–ဒေါ်ခင်ဝေ၊ ဦးလှကြည်–ဒေါ်သန်းသန်းဋွေး၊ဦးလှအောင်–ဒေါ်တင်တင်တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးချန်ကာဘောသည် ၂၂–၄–၂၀၀၄ရက်တွင် အမှတ် ၈၀၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆–၄–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အမှတ်– ၈၀ ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာ

ဦးစိန်ညွန့် (၈၃)နှစ်

(ဆင်ကူး၊ လှိုင်းဘွဲ့)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဆင်ကူးကျေးရွာနေ ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာ၊ ဒါယိကာမကြီး (ဦးမောင်ပွဲ–ဒေါ်စိန်ထွေး)တို့၏သား၊ ဦးအေးပို–(ဒေါ်စောမြိုင်)တို့၏မောင်၊ ဦးမောင်သိန်း–ဒေါ်သိန်းကြည်၊ ဦးတင်ကြည်–ဒေါ်မမ၊ (ဦးသက်ကယ်)–ဒေါ်သန်းမြင့်၊ ဦးအေးဖေ–ဒေါ်မသိန်း၊ ဦးချစ်ဖေ–ဒေါ်သန်းနွယ်တို့၏ အစ်ကိုကြီး၊ (ဒေါ်ရှုဝေး)၏ ခင်ပွန်း၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အင်းလေးလမ်းနေ (ဦးဝင်းလွင်) – ဒေါ်အေးအေးသန်း၊ ရန်ကုန်မြို့၊ (၅၁)လမ်း၊ အခန်း(၁၁)၊ ပုဇွန်တောင် ရဲရိပ်သာနေ ဒုတိယရဲမှူးတင်လင်း–ဒေါ်မြင့်မြင့်အေး၊ ဦးစောညွန့်ဝေ–(ဒေါ်နော်ခရစ္စတီးမူး)တို့၏ ဖခင်၊ ဒုရဲအုပ်လောင်းမျိုးညွန့်–မနန်းမြသန်းကြည်တို့၏ဘကြီး၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၂၄–၄–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၅၁လမ်း နေအိမ် မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဒေါက်တာအမ်ဆိုင်းတောင်

ဆေးရုံအုပ်ကြီး(ငြိမ်း)
တက္ကသိုလ်များဆေးရုံ၊ ရန်ကုန်
အသက် (၆၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ဃ/၂၁၄၊ တာမိုးနဲလမ်းနေ၊ (ဖုန်ရွှေဒူဝါအမ်ဇော်လ)–ဒူဂျန် အယ်(လ်)နန်ကိုင်]တို့၏ သမီးကြီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ်(၁၂)၊ စကြာလမ်း၊ ကျောက်မြောင်းနေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးဇာခေါင်း၏ ချစ်လှစွာသောဇနီး၊ ဦးဇခုံဇော်ခွန်–ဒေါ်ဖောင်ဝန်ခေါ်န်တောင်၊ ဦးဇခုံဇော်ဖန်–ဒေါ်Rဂျူးလောက်၊ ဦးဇခုံဇော်ဆိုင်း–ဒေါ်လဖိုင်နန်ဖန်၊ (ဦးဇခုံဇော်ပန်)–ဒေါ်လဘော်ထောနော၊ ဒေါ်ဇခုံနန်ရော်–ဦးဖော်ယမ်လဆိုင်း၊ (ဒေါ်ဇခုံနန်ဒွဲ)–ဦးခန်းဒါးယော်ဆန့်၊ ဦးဇခုံဇော်ခါး–ဒေါ်ဝေါ့လောင်ဒေါင်ယန်း၊ ဒေါ်ဇခုံနန်ခါး–ဦးမရန်ထွဲဝါ၊ (ဦးဇခုံဇော်နော်)–ဒေါ်ထုတောင်၊ ဦးဇခုံဇော်လ–ဒေါ်ဂျာဖာ၊ (ဦးဇခုံဇော်ထန်)–ဒေါ်အင်ဂျုံလု၊ ဒေါ်ဇခုံနန်ရွယ်–ဦးလကျမ်ခါလွမ်းတို့၏ အစ်မကြီး၊ ဒေါ်ဇက်နန် ရော်–ဗိုလ်မှူးဘီလုမ်းဇေ(ငြိမ်း)၊ ဒေါ်ဇက်ဂျာဘန်–ဦးလမိုင်နော်တောင်၊ ဒေါ်ဇက်နန်ဆမ်–ဦးခက်ဆိုင်းတူး၊ မဇက်ခေါင်ခယမ်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၂–၄–၂၀၀၄ ရက် ည ၇း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့် ရန်ကုန် ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရား ရှိခိုးကျောင်းမှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (၂၀) အသက်(၄၆)နှစ်

ဒု–လက်ထောက်အကောက်ခွန်မှူး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကစံရပ်ကွက်၊ အမှတ်(၂၅)၊ မြလမ်းနေ ဦးမှတ်–ဒေါ်အုန်းကြည်တို့၏ သား၊ ဦးထွန်းရ–ဒေါ်ညွန့်တင်တို့၏ သားသမက်၊ မချိုချို၏ခင်ပွန်း၊ ဦးအောင်ကြီး–မစန်းစန်းဦး၊ ဦးသန်းဋွေး၊ ဦးမြင့်သိန်း၊ ဦးခင်မောင်သန်း–ဒေါ်မြင့်မြင့် ကြည်တို့၏ အစ်ကိုကြီး၊ မယဉ်မေဝင်း(အထက–၃၊ တာမွေ)၊ မမြတ်သင်းခိုင်(အမက–၁၈၊ တာမွေ)တို့၏ ဖခင်၊ မောင်ဇော်မင်းဦး–မဥမ္မာအေး၊ သန့်ဇင်ဦး၊ ယဉ်မင်းဦး၊ ဇော်လင်းနိုင်တို့၏ ဘကြီးသည် ၂၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကုသလ

သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၉)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက၊ ဒေးဒရဲမြို့၊ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီး၊ စိန္တာမုနိရုပ်ပွားတော်မြတ်ကြီး၊ လောကဦးသျှောင် အောင်တော်မူ ငါးထပ်ရုပ်ပွားတော်မြတ်ကြီး၊ ပေါ်တော်မူရေးဟောင်း ရုပ်ပွားတော်မြတ်ကြီး၊ မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၊ သံဃာ့ဆေးရုံတို့၏ ဩဝါဒါစရိယ၊ တောကျောင်းပဝါရဏာဂိုဏ်းကြီး၏ ဂဏာဓိပတိ၊ ပခုက္ကူနိကာယမဟာဝိသုတာရာမိကာ ဂဏာဝါစကနိကာယဂဏအနုနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဖြစ်တော်မူသော လဋ္ဌိပေသလသိက္ခာကာမဝိနယ ဂရုက သံသာရဘီရုက၊ ပရိယတ္တိစေက ဂဏာဝိရောဓနေ၊ ကမ္မဋ္ဌာနာစရိယနယ်လှည့် သာသနာပြုဆရာတော် ဘဒ္ဒန္တ ကုသလသည် (၁၃၆၆ခု၊ ကဆုန်လဆန်း ၅ရက်) ည ၁၂း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကိုထပ်မံကြေညာပါမည်။)

တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်မှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဈာပနကော်မတီ၊ ဒေးဒရဲမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း

ဦးစီးပဓာန နာယက

ချင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိရိန္ဒ

သိက္ခာတော်(၅၅)ဝါ၊သက်တော်(၇၅)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၏ ဦးစီးပဓာနနာယက၊ ချင်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒသည်(၁၃၆၆ခု၊ ကဆုန်လဆန်း၂ရက်) ၂၀–၄–၂၀၀၄ (အင်္ဂါနေ့)နံနက် ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို (ကဆုန်လဆန်း ၁၁ရက်) ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။ တပည့်သံဃာများ၊ ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းတိုက် ပဓာန နာယက

သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒက(ဘဘုန်းကြီး)

ဥက္ကဋ္ဌ၊ သံဃမဟာနာယကအဖွဲ့၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်

သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၁၀၂)နှစ်

မြင်းထရိန်နာ ဦးထွန်းတင်(သရက်တောရပ်၊ မြစ်ခြေ၊ ပခုက္ကူ)

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒက(ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ) အရှင်ဉာဏဗလ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ သာသနာ့ဓဇဓမ္မာစရိယ၏ အဘိုးသည် ၁၃၆၆ခု ကဆုန်လဆန်း ၆ရက်၊ ၂၄–၄–၂၀၀၄(စနေနေ့) ညနေ ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန အခမ်းအနားဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊သိမ်၊ကျောင်း၊လမ်းနှင့်ရဟန်း ဒါယိကာမကြီး

ဒေါ်ရှန်းပိုင်(ခ)ဒေါ်အေးမေ အသက်(၉၁)နှစ်

(ဘုရားငုတ္တိုကျေးရွာ)

ပဲခူးတိုင်း၊ အင်းတကော်အပိုင်၊ ဘုရားငုတ္တိုကျေးရွာနေ (ဦးစိန်ပွား–ဒေါ်ညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၈)၊အနောက်မြင်းပြိုင်ကွင်းလမ်းနေ(ဦးကျင်သိန်း)၏ဇနီး၊ ဦးအောင်စိုး–ဒေါ်ခင်မျိုးနွယ်၊ ဦးတင်နိုင်၊ ဦးချစ်လှိုင်–ဒေါ်မေရီတင်သန်း၊ ဦးသိန်းအောင်–ဒေါ်မြတ်သန္တာ၊ ဦးဝင်းမော်– ဒေါက်တာ ဒါမမကြီးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၂ယောက်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ (၃၀–၄–၂၀၀၄ရက် နံနက်၇နာရီတွင် ရက်လည် ဆွမ်းကျွေး တရားနာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ကိုရဲဝင်း (၄၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၃၁)နေ ဦးဝင်းအောင်(ညွှန်မှူး–ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)–ဒေါ်ခင်ဋွေးတို့၏ သားကြီး၊ ကိုအောင်ချို–မရွှေဇင်လှ၊ကိုတိုးအောင်–မမြဇင်အောင်တို့၏ အစ်ကိုကြီး၊ ဦးကျော်အုန်း–ဒေါ်ပြုံးရီ၊ ဦးငွေစိုး–ဒေါ်သန်းမြင့်၊ ဦးတင့်လွင်–ဒေါ်မာလာရှိန်၊ ဒေါ်ရီရီခင်၊ ဒေါ်ကြည်ကြည်တင်တို့၏ တူ၊ မယင်းမာ၏ ခင်ပွန်း၊ ပေါက်ပေါက်၏ ဖခင်သည် ၂၄–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၆–၄–၂၀၀၄(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြစံ(၇၂)နှစ်

(ကျောက်တော်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၆/ဂ)၊ ဂန့်ဂေါ်မြိုင်လမ်း၊ ပါရမီရိပ်သာနေ (ဦးစံထွန်းအောင်–ဒေါ်စိန်သာ)တို့၏သမီး၊ ဗိုလ်ကြီးကျော်သိန်း (ငြိမ်း)၏ဇနီး၊ ဦးကျော်ရခင်–ဒေါ်ချိုမီမီသိန်းတို့၏ မိခင်၊ ဦးမောင်ညွန့် (ညွှန်ကြားရေးမှူး၊ ရေနံ–ငြိမ်း)–ဒေါ်ယဉ်မြသွယ်၊ (ဦးစောထွန်း–တရားရုံးချုပ်ရှေ့နေ)–ဒေါက်တာဒေါ်ခင်လှကြည်၊ ဦးအောင်ကျော်ဦး (ပြင်သစ်ဘာသာဌေ့လမ်းညွှန်)–ဒေါ်မြတ်လေးမုံတို့၏ အစ်မကြီး၊ မောင်လူမင်းမြတ်၏ အဘောင်ရှင်သည် ၂၅–၄–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်အေးစီ (၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၂၅၊(၄)လမ်း၊ ၁ရပ်ကွက်၊သမိုင်း၊မရန်းကုန်းမြို့နယ်နေ (ဦးဘမူ–ဒေါ်သန်းခင်)တို့၏ သမီး၊ ရဟန်း၊ ကျောင်းဒါယကာကြီး(ဦးမောင်ခင်)၏ဇနီး၊ အင်းစိန်နေ ဦးကြီးညို–(ဒေါ်ဋွေးကြည်)တို့၏အစ်မ၊ ဦးမျိုးညွန့်–ဒေါ်တင်တင်ဝင်း၊ဦးစိုးသိန်း–ဒေါ်တင်တင်နွဲ့၊ ဦးမျိုးဆွေ–ဒေါ်ကြည်ကြည်လှိုင်၊ ဦးတင့်လွင်–ဒေါ်ခင်ခင်နွဲ့၊ ဒေါ်တင်တင်အေး (ခ)ဒေါ်ချယ်ရီ၊ ဦးသိန်းထိုက်(ဦးစီးအရာရှိ၊ အင်းစိန် အား/ကာ)–ဒေါ်ခင်စန္ဒာဝင်း၊ ဦးအေးထွန်း–ဒေါ်ခင်လေးမြင့်တို့၏မွေးသမိခင်၊ မြေး ၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၈၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဥပုသ်နေ့မှတ်သားဖွယ်ရာ

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်ကပ်လှူဒါန်း

ဧပြီ ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးကို ရည်စူး၍ ဌာပနာတော်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကောသရအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့် ဗိုလ်တထောင်ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသော လုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့် Sludge Digester Tank Sludge Thickner Tank, Secondary Sedimentation Tank၊ **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၂၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✧